
www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
မျိုးဇော်ထက် (ဖုန်း-၀၉၃၁၆၄၉၀၀၃)

**အုပ်ချုပ်မှုအယ်ဒီတာ**
ခင်မာရွှေ

**အမှုဆောင်အယ်ဒီတာ**
လင်းသက်နိုင်

**အယ်ဒီတာအဖွဲ့**
ဥက္ကာလင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ခင်နိုင်ထွန်း၊ ဝေလင်း၊ ကျော်ကျော်၊ ဟေမာန်။

**Cover သရုပ်ဖော်**
မင်းထွဋ်

**Computer**
မင်းထွဋ်၊ နေခင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ ပိုပိုခင်၊ မီမီခင်၊

Film - Eagle

layout - Quality

**ပုံနှိပ်သူ** - ဦးကျော်ယဉ်(ဓမ္မဇော်)
အမှတ်(၂၈၄)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** - တင်မေထွန်း

**ကြော်ငြာတာဝန်ခံ**
ခင်မာရွှေ
မြူမြူသင်း၊ ဝင်းဝင်းမော်။
**ဖုန်း** - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

**ထုတ်ဝေသူ** - ဒေါ်ခင်မာရွှေ
အုပ်ပြည့်စုံထွန်းစာပေ (၈၄၆၂၄)

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၁၂၀၀ ကျပ်

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
**အမှတ်** - ၅၀၈/၅၁၂၊(၅၁)ပထမထပ်၊ သရဖီကွန်ဒို။
(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)

JAS ဖုန်းစာအုပ်စင်ကဏ္ဍတွင် Download
လုပ်၍ဝယ်ယူဖတ်ရှုနိုင်ပါသည်။

http:/Quality.myanmaronlinesales.com
တွင် တိုက်ရိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု
ဝယ်ယူနိုင်ပါသည်။

**လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**

**အထက်မြန်မာပြည်ဖြန့်ချိရေး**
နဂါးစာပေ ဖုန်း -၀၂-၃၉၅၆၉
ထွန်းဦးစာပေ ဖုန်း -၀၂-၃၉၀၀၁

**ရှမ်းပြည်နယ်ဖြန့်ချိရေး**
မိုးလျှံနှာစာပေ၊ ဂင်္ဂါနဒီစာပေ

**တောင်ကြီးတွင် လပေးယူလိုသူများအတွက်**
STUDENTS' CHOICE
မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊
ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။
**ဖုန်း** - ၀၈၁-၂၀၁၄၅၃

**မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်**
ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။)

www.burmeseclassic.com

www.burmeseclassic.com

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၅၀) ၊ ဩဂုတ်လ ၊ ၂၀၁၄ ခုနှစ်။

BURMESE CLASSIC


| | | |
|---|---|---|
| စိန်တစ်ပွင့်၏သံသရာ | ကာတွန်းမြတ်နိုး | ၅ |
| သတိုးမင်းစော | ပန်းချီလူဇော် | ၁၂ |
| သစ်ပင်များကိုလန်းစေလိုသူ | မောင်လှယဉ်(မော်လမြိုင်) | ၂၅ |
| မေတ္တာရှာမှုသူဌေးကြီး၏ကြွက်ပန်းပုပုံပြင် | သီဟဇော်(မြစ်ဝကျွန်းပေါ်) | ၂၉ |
| ချိုချဉ်ပင်စိုက်တဲ့ယေရှမ်းလေး | ကျော်ဝင်းမောင်(ကျောက်မဲ) | ၃၂ |
| မှော်ဆရာကြီး၏လက်ဆောင်များ | ကာတွန်းဝိုင်းမော် | ၃၄ |
| စိတ်ဝမ်းမကွဲနဲ့ | သန္တာမြတ်သောင်း | ၄၆ |
| မေ့တာတတ်သူ | ပန်းချီကံကောင်း | ၄၉ |
| ပညာရဲ့တန်ဖိုး | နန္ဒာမိုးကြယ် | ၅၇ |
| မိုးခေါ်တဲ့ဖား | လင်းသက်ခိုင် | ၆၁ |
| မျောက်အမြီးဘာကြောင့်တိုရသလဲ | ဖိုးစွံ(အောင်ပင်လယ်) | ၆၃ |
| မြည်းပြဿနာနှင့်သားတော်အရာ | အရုပ်ဖော်မောင်ရဲသူ(ရန်ကုန်တက္ကသိုလ်) | ၆၅ |
| ကြောက်တန်တန်ခြင်း | ပန်းတနော်ကျော့မိုး | ၇၇ |
| အစင်းမရှိတဲ့ကျား | ကာတွန်းသိင်္ဂှာ | ၇၉ |
| ပုရစ်လေးတွေဘာကြောင့်အော် | ကာတွန်းသန်းအောင် | ၈၉ |
| မဒမ်ကျူရီ | ကာတွန်းပေါ်ကာ | ၉၉ |


www.burmeseclassic.com

www.burmeseclassic.com



# အယ်ဒီတာ့စကား

ဤလထုတ် ပုံပြင်ကမ္ဘာရုပ်စုံ စာစောင်က စောင်ရေ (၅၀)မြောက် စာအုပ် ဖြစ်သည်။ ပုံပြင်ကမ္ဘာဖတ်သူ ကလေးများကိုပုံပြင်ပုဒ်ရေ (၇၀၀)ကျော် ပြောပြီး သွားခဲ့ပါပြီ။

ပုံပြင်များက ကလေးများသည်းခြေကြိုက် ဖြစ်ပါသည်။ ဟိုးရှေးရှေးတုန်းက အစချီ၍ သူရဲကောင်းတို့ အကြောင်းပြောကာ သူတို့ကို ရဲစွမ်းသတ္တိရှိစေနိုင်ပါသည်။ ရိုးသားသူတို့အကြောင်း ပြောပြခြင်းဖြင့် ကလေးတို့၏စိတ်ကို သန့်ရှင်းဖြူစင်စေပါသည်။ ထက်မြက်သူတို့အကြောင်း ကြားရခြင်း ကလေးတို့ကို ထူးချွန်သူဖြစ်ဖို့ အားကျစေပါသည်။ ပုံပြင်ထဲတွင်သူ့ကိုယ်သူ ဇာတ်လိုက်အဖြစ်ထည့်သွင်း ပုံဖော်ရင်း သူ့အနာဂတ်ပုံရိပ် ကလေးကပုံဖော်နိုင်ပါသည်။

ကလေးတို့စိတ်မှာ အစွန်းအထင်းကင်းလှသည်ဖြစ်ရာ သူတို့စိတ်တွင် သန့်ရှင်းသောအရောင်များသာ စွန်းထင်းစေလိုပါသည်။ စိမ်း သာယာသော လောကကို ချစ်မြတ်နိုးသည့် အစိမ်းရောင်၊ ငြိမ်းချမ်းရေးအဓိပ္ပာယ်ဆောင် အပြာရောင်၊ သန့်စင်မွန်မြတ်ခြင်းအဓိပ္ပာယ် အ ရောင်၊ ဘာသာတရားကိုမြတ်နိုးလေးစားသော အဝါရောင် စသည့်ဖြင့် အပြုသဘောဆောင်သော စိတ်ထားများသာ ကလေးတို့စိတ် ဖုံးလွှမ်းစေချင်ပါသည်။ လူအချင်းချင်း ညာတာကြင်နာသော စိတ်ဖြင့် နေရာပေးတတ်သော၊ အရည်အချင်းရှိသူကိုချီးမြှောက်တတ်သေ စာနာကူညီတတ်သောသဘောထားမြင့်မြတ်သည့်လူကြီးများဖြစ်လာစေမည့်စိတ်ထားများ ကိန်းအောင်းစေချင်ပါသည်။

ယခု အုပ်(၅၀)ပြည့် ပုံပြင်ကမ္ဘာမှသည် အုပ်(၅၀၀၊ ၁၀၀၀ )သို့ တိုင် ကလေးများအတွက် အတုယူစရာပုံပြင်များစွာဖြင့် ပုံပြင်က ဖြစ်တည်ပါစေကြောင်းဆန္ဒပြုပါသည်။




www.burmeseclassic.com

www.burmeseclassic.com


# စိန်တစ်ပွင့်၏သံသရာ

ကာတွန်း-မြတ်နိုး




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com


ခေါင်းပေါင်းနဲ့ အတူ.. စိန်တုံးကြီးပါ ရေထဲပြုတ်ကျသွားတော့တာပေါ့..
သူဌေးကြီးက... သူ့ပိုင်ဆိုင်သမျှ အားလုံး ဆုံးရှုံးသွားပြီး ဒုက္ခရောက်နေပေမဲ့ မကောင်းတဲ့ စိတ်ကြောင့် ဝမ်းသာနေသတဲ့
အေးလေ... ဒါလည်းတစ်မျိုးကောင်းတာပဲ..
စိန်တုံးကြီး ရေထဲကျပြီး ခါဝါလမ်း ဖြစ်သွားပြီဆိုတော့.. ဟိုကောင့် လက်ထဲကို ဘယ်နည်းနဲ့မှ ရောက်ဖို့ မရှိတော့ဘူး..
ဒီတော့.. ငါ သင်းရဲ့အား ဖြစ်သွားစေဦး မင်းလည်း သူဌေးဘယ်တော့မှ မဖြစ်တော့ဘူးပေါ့ကွာ..
ဟား.. ဟား.. ဟား..
မစ္ဆရိယ စိတ်ပါကလား နော်..





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# သတိုးမင်းစော

သရုပ်ဖော် - ဂျူဇော်




www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com


www.burmeseclassic.com
တစ်ခါသော် ဘုရင့်နောင်၏သားတော် မဟာဥပရာဇာ၊
သမက်တော် သတိုးမင်းစောနှင့် တူတော် မင်းရဲကျော်ထင် တို့
အမှူးပြုသော ဘုရင့်နောင်၏ တပ်များသည် လင်းဇင်းမင်း ကြံ့ကြံ့
ခံနေသော မိုင်းစံမြို့ကို ဝင်ရောက် တိုက်ခိုက်ကြသည်။
အင်းဝဘုရင် သတိုးမင်းစောသည် 'သန်မြန်ရဲ' ဟု
ခေါ်သော ဆင်တော်နှင့် သစ်တုံးများနှင့် ကာရံ
ထားသော မြို့ကို တိုက်လေသည်။
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# သစ်ပင်များကိုလန်းစေလိုသူ

မောင်ကြွယ်ဦး(မော်လမြိုင်)



ဦးဦးချစ်တဲ့ သားသားမီးမီးလေးတို့ရေ...။

သားသားမီးမီးတို့ ကျန်းမာချမ်းသာပြီး ပညာတတ်လူချွန်လူကောင်းများဖြစ်ကာ တိုင်းပြည်အကျိုး သယ်ပိုးနိုင်ပါစေလို့ ဦးဦးဆုတောင်းပေးလိုက်ပါတယ်ကွယ်။

သည်တစ်လပြောပြမယ့်ပုံပြင်လေးကတော့ဂျပန်ပြည်ရဲ့ ရိုးရာပုံပြင်လေးတစ်ပုဒ်ပဲကွယ့်။

ဂျပန်ပြည်ကြီးရဲ့ ဆောင်းတွင်းကာလမှာပေါ့။ ဂျပန်ပြည်ရဲ့ အလှဆုံး ဖူဂျီယာမာတောင်တစ်လုံးလုံးနှင်းခဲနှင်းမှုန်တွေနဲ့ လှပလို့နေသတဲ့ကွယ်သည်ရာသီမှာ ပွင့်ကြတဲ့ ချယ်ရီပန်းတွေကလည်းဂျပန်တစ်ပြည်လုံးကို ဖုံးအုပ်ထားသလို ပင်လုံးကျွတ်ပွင့်လို့ပေါ့။

ဖူဂျီယာမာတောင်အောက်ခြေကရွာလေးတစ်ရွာမှာ ဂျပန်အဘိုးအိုနဲ့ အဘွားအိုတို့ဇနီးမောင်နှံဟာ ဆင်းရဲသားများဖြစ်ကြပြီး သူတို့ပိုင်တဲ့ဥယျာဉ်ခြံလေးထဲမှာ အေးအေးဆေးဆေး စိုက်ပျိုးစားသောက်နေထိုင်ကြတယ်။သည်အဘိုးအိုနဲ့ အဘွားအိုတို့ ဇနီးမောင်နှံတို့ဟာ ဆင်းရဲပေမဲ့ သူတစ်ပါးကို သနားကြင်နာတတ်ပြီး ကူညီရိုင်းပင်းတတ်လို့ရွာသားတွေကချစ်ခင်ကြတယ်။

အဘိုးအိုနဲ့ အဘွားအိုဇနီးမောင်နှံ နှစ်ဦးတို့ဟာဥယျာဉ်ခြံလေးကို ပြုစုပျိုးထောင်ပြီးညနေပိုင်းကျတော့ အေးအေးလူလူစကားပြောဆိုနေကြတာမိုးချုပ်မှောင်ရည‌သန်းတဲ့အထိပေါ့ကွယ်။ ဒီနေ့တော့ သူတို့ စကားအေးအေးမပြောနိုင်တော့ဘူးကွယ့်။ ဘာလို့လဲဆိုတော့ နှင်းတွေက တအားကျနေလို့ပေါ့ကွယ်။

မနက်မိုးလင်းထဲက နှင်းတွေ တအားကျနေတာ နေတောင်မမြင်ရဘူး။ အအေးလွန်ကဲလွန်းလို့ခြံထဲမှာ အေးအေးဆေးဆေး မနေနိုင်တော့ဘဲ အိမ်လေးကို တံခါးတွေပိတ်၊ မီးဖိုပြီး အဘိုးအိုတို့လင်မယား၊မီးလှုံနေကြတယ်ကွယ့်။သည်အချိန်မှာပဲ အပြင်ဘက်ကညည်းသံကိုအဘိုးအိုတို့လင်မယားကြားလိုက်ရတယ်။

"အဘိုးကြီးရေ... အပြင်ဘက်က ညည်းသံကြားနေရတယ်တော့်၊ သွားကြည့်ရအောင်"

"အေး-ဟုတ်တယ်အဘွားကြီးရေ၊ ဒုက္ခရောက်နေသူများလားမသိပါဘူး"အဘိုးအိုက ပြောပြောဆိုဆို ကညင်ဆီမီးတိုင်ကို မီးညှိပြီး နှစ်ယောက်သားအိမ်တံခါးဖွင့်ပြီး ကြည့်လိုက်တော့ ခွေးဝဲစား



www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်လေးတစ်ကောင် ချမ်းတုံပြီး ညည်းနေတာကို တွေ့လိုက်ရတယ်ကွယ့်။

ကြင်နာသနားတတ်တဲ့အဘိုးအိုနဲ့ အဘွားအိုတို့လည်း ခွေးလေးကို အိမ်ထဲခေါ်သွင်းပြီး မီးဖိုဘေးနားမှာ သိပ်ထားလိုက်တော့ အပူငွေ့ရလာတဲ့ခွေးလေးဟာ ညည်းသံပျောက်သွားပြီး မှိန်းနေတော့တယ်ကွယ်။

သည်လိုနဲ့ပဲ အဘိုးအိုတို့ လင်မယားနှစ်ယောက်က သားသမီးမရှိကြတော့ ခွေးဝင်စားလေးကို သားသမီးလို့ မွေးစားလိုက်တော့တယ်။ ခွေးလေးကလည်း နေ့စဉ်ကျွေးမွေးနေတဲ့အဘိုးအို၊ အဘွားအိုတို့လင်မယားကို သူ့သခင်အစစ်တွေပဲလို့ မှတ်ယူလိုက်တာပေါ့ကွယ်။ ခွေးလေးကလည်း လိမ္မာပါးနပ်တော့ သားသမီးနဲ့မခြား ချစ်ခင်လာပါတော့တယ်။

တချို့ အိမ်နီးနားချင်းတစ်ဦး၊ နှစ်ဦးကတော့ ဒီခွေးကိုကော၊ အဘိုးအိုနဲ့ အဘွားအိုကိုကော မနာလိုတဲ့လူလည်းရှိနေတော့ ခွေးလေးများ သူတို့အိမ်ဖက် ရောက်လာရင်ပဲ ဆဲဆိုကန်ကြောက်ကြ၊ တုတ်နဲ့ ရိုက်လွှတ်ကြ၊ ခဲနဲ့ပေါက်လွှတ်ကြတယ်။

တစ်နေ့...။ ရာသီဥတု သာသာယာယာရှိတဲ့ နေဝင်ရီတရောအချိန်မှာ အဘိုးအိုနဲ့ အဘွားအိုတို့ လင်မယားနှစ်ယောက်သူတို့ရဲ့ ဥယျာဉ်လေးထဲမှာ ထိုင်နေကြပြီး ဖူဂျီတောင်ရဲ့အလှကို ငေးကြည့်နေကြတယ်။

သည်အချိန်မှာ သူတို့မွေးထားတဲ့ ခွေးလေးကလည်း တအီးအီးနဲ့ ညည်းရင်း သစ်ပင်တစ်ပင်အောက်က မြေကိုအားတက်သရောနဲ့ယက်ထုတ်နေတာကို အဘိုးအိုတို့လင်မယားတွေ့နေရတယ်။

“ဒီကောင်ဘာတွေ့လို့ မြေကြီးကို ယက်နေပါလိမ့်၊ ငါသွားကြည့်ဦးမယ်။ အမယ်ကြီးရေ ဒီကောင်အသိဉာဏ်တော်တော်ရှိတာကွ”

အဘိုးအိုက အိမ်ဘေးမှာ ထောင်ထားတဲ့ ပေါက်ပြားကိုယူပြီး၊ ခွေးလေးယက်နေတဲ့နေရာကို သွားတော့တယ်။ အနားရောက်လာတဲ့အဘိုးအိုရဲ့ ဘောင်းဘီစကို ခွေးလေးက ကိုက်ဆွဲလိုက်၊ မြေကို ယက်လိုက်နဲ့ လုပ်နေတော့ အဘိုးအိုက “ဒီကောင် တော်တော်ထူးတာပဲ၊ ဘာရှိလဲမသိဘူး၊ တူးကြည့်မှ”လို့တွေးပြီး ခွေးလေးယက်ထားတဲ့နေရာကို တူးဆွကြည့်လိုက်တော့ တစ်ထောင်လောက် အရောက်မှာ သေတ္တာတစ်လုံးကို အဘိုးအို တွေ့လိုက်ရတော့တယ်ကွယ့်။

အဘိုးအိုလည်း အဖုံးမှာကပ်နေတဲ့မြေကြီးတွေကိုဖယ်ပြီး သေတ္တာအဖုံးကိုဖွင့်ကြည့်လိုက်တော့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ အပြည့်ရှိနေတာကို တွေ့ရတယ်ကွယ့်။ ခွေးလေးကလည်း ဝမ်းသာမြူးတူးပြီး ခုန်ပေါက်မြူးတူးလို့ အမြီးလေးနှံ့ပြီး ပျော်နေလေတယ်ကွယ့်။

အဘိုးအိုနဲ့ အဘွားအိုတို့လည်း ပျော်ရွှင်ကြလို့ ညစာကို ကောင်းမွန်စွာ စားသောက်ကြသလို ခွေးလေးကိုလည်း ကောင်းကောင်းကျွေးမွေးတာပေါ့။ စိတ်ကောင်းရှိတဲ့အဘိုးအိုတို့လင်မယားလည်း နောက်တစ်နေ့မှာ အိမ်နီးနားချင်းတွေကိုလည်း ရွှေငွေတို့ကို အနည်းငယ်ဆီ ဝေပေးလိုက်ပြီး အဖြစ်အပျက်ကိုလည်း ပြောပြလိုက်တယ်ပေါ့ကွယ်။

သည်အခါ သဘောယုတ်တဲ့အိမ်နီးနားချင်းလင်မယားက သူတို့လိုများရမလားလို့ တွေးပြီး ခွေးလေးကို ခဏငှားယူသွားကြတယ်။ နှစ်ရက်လောက်ကြာတော့ ခွေးလေးဟာ ကောင်းကင်ကို မော်ကြည့်လိုက်ပြီး အတော်ကြာကြာ ဆောင့်ကြောင့်ထိုင်နေတယ်ကွယ့်။



www.burmeseclassic.com

www.burmeseclassic.com


တစ်အောင့်လောက်ကြာတော့ ခွေးလေးဟာ အိမ်ထောင့်တစ်နေရာကို သွားပြီး တူးယက်နေတော့တယ်။ စိတ်ယုတ်မာရှိတဲ့လင်မယားနှစ်ယောက်က ဟန်ကျပြီးဆိုပြီး ယောက်ျားလုပ်သူက ပေါက်တူးယူပြီး ခွေးကို ရိုက်ထုတ်လိုက်ပြီး တူးဆွလိုက်တော့ ရွှေငွေမတွေ့ရဘဲ အရိုးနဲ့ အိုးခြမ်းကွဲများကိုသာ တွေ့ရတယ်ကွဲ့။

စိတ်ပုတ်တဲ့ယောက်ျားလည်း စိတ်ဆိုးပြီးခွေးကို ရိုက်သတ်လိုက်ကာ ထင်းရှူးပင်တစ်ပင်ရဲ့ အောက်မှာ မြှုပ်နှံထားလိုက်ကြတယ်။

အဘိုးအိုလင်မယားလည်း သူတို့ချစ်တဲ့ ခွေးလေး ပြန်မလာလို့ ခွေးငှားသွားတဲ့လင်မယားထံကိုသွားပြီးမေးတော့ ခွေးလေးအိမ်က ထွက်ပြေးသွားပြီလို့ လိမ်ပြောကြတယ်။ အဘိုးအိုတို့လင်မယားလည်း ဝမ်းနည်းစွာနဲ့ အိမ်ကိုပြန်လာခဲ့ရတော့တယ်ကွယ်။

ညဉ့်နက်ပိုင်းရောက်တော့ အဘိုးအိုတို့လင်မယားအိပ်ပျော်သွားတုန်း ခွေးရဲ့ဝိညာဉ်ကလာပြီး အိပ်မက်လာပေးလာတယ်။

"သခင်အဘိုးနဲ့အဘွား ကျွန်ုပ်ကိုသတ်လိုက်ပြီး ထင်ရှူးပင်သုံးပင်ရဲ့အလယ်မှာ မြှုပ်ထားပါတယ်သခင်။ သည်အပင်ကိုဝယ်ပြီး ခုတ်လှဲပြီး ဆုံတစ်ခုလုပ်ပါ။ အဲဒီဆုံနဲ့ စပါးထောင်းတိုင်း ကျွန်ုပ်ခွေးလေးကို သတိရပါ"

နောက်တစ်နေ့မနက်ရောက်တော့ အဘိုးအိုက ထင်ရှူးပင်ကိုသွားဝယ်ပြီး ဆုံတစ်ဆုံ ထွင်းလိုက်ရောကွယ့်။ အဘွားအိုက ဒီဆုံနဲ့ ဆန်ဖွပ်လိုက်တဲ့အခါ ဆန်တို့ဟာ ရွှေများဖြစ်သွားတာကို အံ့သြစွာ တွေ့ရတယ်ကွယ့်။ စိတ်ကောင်းရှိတဲ့ အဘိုး၊ အဘွားတို့ဇနီးမောင်နှံလည်း ဒါကို လျှို့ဝှက်မထားဘဲ ဘေးအိမ်တွေကို ပြောဖြစ်တာပေါ့။

ဒီအကြောင်းကိုကြားတော့ စိတ်ယုတ်မာတဲ့ လင်မယားနှစ်ယောက်က သည်ဆုံကို လာငှားကြပြန်ရောကွယ်။ အဘိုးအိုတို့ ဇနီးမောင်နှံကလည်း အမှတ်မထားဘဲ ဆုံကို ငှားလိုက်ပြန်တယ်။

ယုတ်မာတဲ့ဇနီးမောင်နှံလည်း အားရဝမ်းသာစွာနဲ့ ဆုံကိုယူသွားပြီး စပါးထည့်ပြီး ထောင်းလိုက်ပေမဲ့ ရွှေမဖြစ်လာပဲ အနံ့အသက်ဆိုးဝါးလှတဲ့ ရွှံ့တွေဖြစ်လာတာကို တွေ့ရတော့ ထိုလင်မယားလည်း စိတ်ဆိုးပြီး ဆုံကို အိမ်ပြင်ထုတ်ပြီး မီးရှို့ပစ်လိုက်ပြန်တယ်။

သားသားမီးမီးတို့ရေ… ဆုံမှာ အပြစ်မရှိပါဘူးနော်။ သည်လင်မယားက စိတ်ထားယုတ်မာကြလေတော့ အသက်မရှိတဲ့ဆုံကတောင် မကူညီတာလက်တွေ့ပဲနော်။ သားသားမီးမီးတို့လည်းစိတ်ထားကောင်းကောင်းထားပြီး သူများတွေကို အကူအညီပေးကြပါနော်။

ညဘက်ရောက်ပြန်တော့ အဘိုးအိုတို့ ဇနီးမောင်နှံကို ဝိညာဉ်က အိပ်မက်လာပေးပြန်တယ်ကွယ့်။

"အဘိုးရေ… ဆုံကိုတော့ ဟိုစိတ်ယုတ်မာတဲ့လင်မယားနှစ်ယောက်က မီးရှို့လိုက်ပြန်ပြီးခင်ဗျာ။ မီးရှို့လိုက်တဲ့ဆုံရဲ့ ပြာတွေကို အားလုံး ကျုံးယူပြီး သေနေတဲ့ သခင်တို့ရဲ့ ချယ်ရီပန်းပင်နဲ့အသီးအနှံပင်တွေပေါ်ကို ပက်ဖျန်းလိုက်ပါ။ အားလုံး ရှင်သန်လာပါလိမ့်မယ်သခင်"

အိပ်မက်ရပြီးနောက် တစ်နေ့ကျတော့ အဘိုးအိုလည်း ပြာများကို အားလုံး ကျုံးယူပြီး လက်တစ်ဆုပ်လောက်နဲ့ သေနေတဲ့ချယ်ရီပင်နဲ့ သီးနှံပင်ကို ပက်လိုက်တော့ သေနေတဲ့အပင်တွေ အရွက်၊ အညွန့်၊ အပွင့်၊ အသီးတွေ ချက်ချင်း ဝေ

www.burmeseclassic.com


ဝေဆာဆာ သီးပွင့်လာတာကို အဘိုးအိုတို့ ဝမ်းသာအံ့သြစွာ တွေ့လိုက်ရတယ်ကွယ်။

အဘိုးအိုနဲ့ အဘွားအိုတို့ဇနီးမောင်နှံလည်း ပြာတွေကို အိတ်ကြီးထဲထည့်ပြီး နယ်တကာလှည့်လို့ ဆင်းရဲသားတွေရဲ့အိမ်က သစ်ပင်တွေကို ပြန်ရှင်သန်လာအောင် စေတနာထားပြီး လိုက်လုပ်ပေးကြတယ်။ သီးပင်၊ စားပင်၊ ပန်းပင်တွေ ပြန်ပြီး ရှင်သန်လာတာကို တွေ့ရတော့ ဆင်းရဲသားတွေကလည်း ကျေးဇူးတင်ဝမ်းသာကြတာပေါ့ကွယ်။

ဒီသတင်း ရှင်ဘုရင်နားရောက်သွားလို့ အဘိုးအိုတို့ကို ခေါ်ဖို့ အမိန့်ချလိုက်တယ်။ မင်းချင်းတို့က အဘိုးအိုတို့ ဇနီးမောင်နှံကိုရှာပြီး ဘုရင်ကြီးထံ ခေါ်လာကြတယ်ကွယ့်။

ဘုရင်ကြီးက အဘိုးအိုတို့ ဇနီးမောင်နှံကို ဥယျာဉ်ထဲခေါ်သွားပြီး သေနေတဲ့ ချယ်ရီပင်တွေ၊ သီးပင်စားပင်တွေကို ပြန်ရှင်အောင် လုပ်ခိုင်းပါတော့တယ်။

အဘိုးအိုတို့ဇနီးမောင်နှံလည်း သူတို့မှာပါလာတဲ့ ပြာတွေနဲ့ သေနေတဲ့အပင်တွေကို လိုက်ပက်ပေးလိုက်တော့ အားလုံး ရှင်သန်လာတာကို ဘုရင်ကြီးတွေ့ရတော့ ဝမ်းသာပြီး အဘိုးအိုတို့ဇနီးမောင်နှံကို ဆုလာဘ်တွေ များစွာပေးလိုက်လို့ အဘိုးနဲ့ အဘွားတို့လည်း ဘုရင်ကြီးကို ကျေးဇူးတင်စွာနဲ့ အိမ်ကို ပြန်လာကြတော့တယ်။

ဒီသတင်းကိုကြားရတဲ့ ယုတ်မာတဲ့လင်မယားလည်း လက်ကျန်ပြာအနည်းငယ်ကော မြေကြီးတွေကော ကျုံးယူပြီး နန်းတော်ထဲကိုသွားပြီး သူတို့လည်း သေနေတဲ့အပင်တွေကို ရှင်အောင်လုပ်နိုင်ပါတယ်လို့ လျှောက်ထားလိုက်ကြရောကွယ်။

ဘုရင်ကြီးကလည်း လုပ်စေလို့ပြောပြီး အားလုံး စိုင်းကြည့်နေကြနေကြတာပေါ့။

စိတ်ယုတ်မာရှိတဲ့ လင်မယားလည်း ဆုလာဘ်မျှော်ကိုးပြီး သူတို့ယူလာတဲ့ပြာနဲ့ သေနေတဲ့သစ်ပင်တွေကို ပက်လိုက်ပေမယ့် ရှင်သန်မလာဘဲ ပြာတွေသာ လွင့်စင်ကုန်ပြီး ဝိုင်းကြည့်နေကြတဲ့ ဘုရင်ကြီးနဲ့ မှူးမတ်၊ နန်းတွင်းသူ၊ နန်းတွင်းသားတွေရဲ့ မျက်လုံးထဲကို ဝင်ကုန်ကြတော့ ဒီလင်မယားကို ဝိုင်းဆဲကြ၊ ရိုက်နှက်ကြ ဖြစ်ကုန်ရောကွယ်။

ဘုရင်ကြီးလည်း စိတ်ဆိုးဒေါသထွက်ပြီး စိတ်ထားယုတ်မာတဲ့လင်မယားကို မှတ်သားလောက်အောင် ရိုက်နှက်ဆုံးမပြီး ပြန်လွှတ်လိုက်တာပေါ့ကွယ်။

စိတ်ထားမကောင်းတဲ့ လင်မယားနှစ်ယောက်လည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ ရွာကို ပြန်ရောက်လာပြီး စားရမဲ့သောက်ရမဲ့ဖြစ်လို့ အဘိုးအိုနဲ့ အဘွားအိုဇနီးမောင်နှံထံမှာ ဝန်ချတောင်းပန်ရတော့တယ်။

စိတ်ကောင်းနှလုံးကောင်းရှိကြတဲ့ အဘိုးအိုနဲ့ အဘွားအိုဇနီးမောင်နှံတို့ကလည်း ဒီလင်မယားကို ဖွေမယူဘဲ ပေးကမ်းထောက်ပံ့ပြီး ကျွေးမွေးထားပါသတဲ့။ သားသားမီးမီးလေးတို့ရေ...။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ သားသားမီးမီးလေးတို့လည်း စိတ်ကောင်းမွေးပြီး သူတစ်ပါးအကျိုး၊ လောကအကျိုးတို့ကို သယ်ပိုးနိုင်တဲ့ သားကောင်းသမီးမွန်များဖြစ်ကြ၍ လောကကို အလှဆင်နိုင်ကြပါသေးတယ်ကွယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ
ဦးဦးမောင်လှယဉ်(မော်လမြိုင်)


www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရွာမှသူဌေးကြီး

# ကြွက်ပန်းပုပုံပြင်

သီဟဇော် (မြစ်ကျွန်းပေါ်)



တစ်ခါတုန်းကပေါ့ကွယ်...။

မေတ္တာရွာလို့ခေါ်တဲ့ ရွာလေးတစ်ရွာမှာ သူဌေးကြီးဦးစိတ်ကောင်းဆိုတာရှိသတဲ့ကွယ်။ အဲဒီသူဌေးကြီးဦးစိတ်ကောင်းဟာ နာမည်နဲ့လိုက်အောင် စိတ်စေတနာ ကောင်းမွန်တယ်တဲ့ကွယ်။ ကူညီစရာရှိရင် ကူညီသလို ချီးမြှင့်မြှောက်စားစရာရှိရင် ချီးမြှင့်မြှောက်စားသတဲ့ကွယ်။

တစ်နေ့တော့ သူဌေးကြီး ဦးစိတ်ကောင်းဟာ စိတ်ကူးတစ်ခုပေါ်လာသတဲ့ကွယ်။ ဘယ်လိုစိတ်ကူးလဲဆိုတော့ သူဌေးကြီး ဦးစိတ်ကောင်းအနေနဲ့ သူဌေးကြီးဖြစ်ခဲ့တာ လယ်ယာလုပ်ငန်းကို ကောင်းမွန်စွာ လုပ်ကိုင်ခဲ့လို့ပဲတဲ့။ အဲဒီတော့ လယ်ယာမြေကို လုပ်အားနှင့်ယှဉ်ပြီး သူနဲ့ အတူတူလုပ်ကိုင်ခဲ့တဲ့ လက်ယာ လုပ်သားတွေကို ဂုဏ်ပြုချင်တယ်လေ။ ဘယ်လိုဂုဏ်ပြုချင်သလဲဆိုတော့ သူ့ရဲ့ခြံဝန်းထဲမှာ လယ်ယာလုပ်သား ဖနီးမောင်နံနှစ်ဦးပုံကို ပန်းပုထုလုပ်ပြီး ထားချင်သတဲ့လေ။

ဒါပေမဲ့ သူဌေးကြီးဦးစိတ်ကောင်းအတွက် ခက်နေတာက ဘယ်ပန်းပုဆရာက သူဌေးကြီးလိုချင်တဲ့ ပန်းပုမျိုးကို ထုလုပ်ပေးနိုင်မလဲဆိုတာကိုပေါ့ကွယ်။ သူဌေးကြီး ဦးစိတ်ကောင်းက သူလိုချင်တဲ့ပုံပန်းသဏ္ဌာန်အတိုင်း ပန်းပုထုလုပ်ချင်တာကိုး။

သူဌေးကြီးဦးစိတ်ကောင်းတို့နေတဲ့ မေတ္တာရွာမှာ ပန်းပုဆရာနှစ်ယောက်ရှိသတဲ့ကွယ်။ ရွာမြောက်ပိုင်းက ပန်းပုဆရာက မောင်သပ်ရပ်လို့ခေါ်ပြီး ရွာတောင်ပိုင်းကပန်းပုဆရာကမောင်ကြံဖန်လို့အမည်တွင်ကြတယ်တဲ့။ ပန်းပုဆရာနှစ်ယောက်ဟာ သူ့နေရာနဲ့သူတော့ ပန်းပုပညာမှာ နာမည်ကြီးနေတာပေါ့ကွယ်။ သူဌေးကြီးဦးစိတ်ကောင်းဟာ ပန်းပုဆရာနှစ်ယောက်အနက် တစ်ယောက်ကိုပဲ ခေါ်ချင်တာပေါ့ကွယ်။

အဲဒီမှာပဲ သူဌေးကြီးဦးစိတ်ကောင်းဟာ အကြံတစ်ခုရသွားတယ်တဲ့လေ။ အဲဒီအကြံကတော့ လယ်သမားကရုပ်ထုလုပ်မယ့်အကြောင်းမပြောဘဲပွဲတစ်ပွဲ လုပ်ဖို့ စီစဉ်လိုက်တာပေါ့။

ဒီလိုနဲ့ ပန်းပုဆရာနှစ်ယောက်ကို သူဌေးကြီးဦးစိတ်ကောင်းက သူ့ရဲ့အိမ်ကို ဖိတ်ခေါ်ပြီး ဧည့်ခံကျွေးမွေးလိုက်တယ်။ သူ့တပည့်ရင်းတွေကိုပါ အနားမှာ ခေါ်ထားလိုက်တယ်လေ။ ပန်းပုဆရာနှစ်ယောက်ကို ဧည့်ခံကျွေးမွေးပြီးတဲ့အခါကျတော့ သူဌေးကြီးက ပန်းပုဆရာနှစ်ယောက်ကို အသေအချာပြောပြတယ်။

"မင်းတို့နှစ်ယောက် ကြွက်ရုပ်ထု တစ်ခုစီကို တစ်ပတ်အတွင်း ထုလုပ်ပြီးပေးပါ၊ တကယ့်ကြွက်နှင့် တူစေရမယ်။ အဲဒီကြွက်ရုပ်ကို ချပြီး ကြောင်ကို လွှတ်ပေးလိုက်ရင် အဲဒီကြောင်က တကယ့်ကြွက်မှတ်ပြီး ပြေးခုတ်တဲ့အထိကြွက်နှင့် တူစေရမယ်။ ထုလုပ်နိုင်ကြမလား"လို့ ပြောတော့ ပန်းပုဆရာနှစ်ယောက်ကလည်းတစ်ပတ်အတွင်းရစေရပါမယ်လို့ အာမခံပြီး ပြန်သွားကြသတဲ့ကွယ်။

အဲဒီလိုနဲ့ တစ်ပတ်ပြည့်တဲ့အချိန်မှာ ပန်းပုဆရာနှစ်ယောက်ဟာ သူတို့ထုလုပ်ထားတဲ့ကြွက်ရုပ်တစ်ရုပ်စီနဲ့ သူဌေးကြီးဦးစိတ်ကောင်းဆီကိုရောက်လာခဲ့တာပေါ့ကွယ်။ သူဌေးကြီးဦးစိတ်ကောင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



ပန်းပုဆရာနှစ်ယောက်ကို ထုံးစံအတိုင်းဧည့်ခံကျွေးမွေးပါတယ်။ ဧည့်ခံကျွေးမွေးပြီးတော့မှ ပန်းပုဆရာနှစ်ယောက်ရဲ့ ကြွက်ရုပ်တွေကို တစ်ခုချင်းယူကြည့်ပါတော့တယ်။

ရှာမြောက်ပိုင်းက ပန်းပုဆရာ မောင်သပ်ရပ်ရဲ့ ကြွက်ပန်းပုရုပ်ကိုယူပြီးကြည့်လိုက်တဲ့အခါမှာ ကြွက်ရုပ်ကလေးဟာ တကယ့်ကြွက်ကလေးတစ်ကောင်လိုပုံပန်းကျနစွာ လက်ရာမြောက်နေတာကို တွေ့ရသတဲ့ကွယ်။

"မင်းရဲ့ ကြွက်ပန်းပုလက်ရာက သိပ်ကောင်းတာပဲကွာ။ ကြွက်ကလေးက အသက်ဝင်နေသလို ထင်ရအောင် ထုနိုင်ပါတယ်။ ကောင်းတယ်၊ကောင်းတယ်"လို့ သူဌေးကြီးဦးစိတ်ကောင်းက မှတ်ချက်ချပြီး သူဌေးကြီးရဲ့ တပည့်တွေကို တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းပြစေသတဲ့ကွယ်။

ရှာတောင်ပိုင်းက ပန်းပုဆရာမောင်ကြံဖန်ရဲ့ ကြွက်ပန်းပုရုပ်ကိုယူပြီး ကြည့်လိုက်တဲ့အချိန်ကျတော့ ထုလုပ်ထားတဲ့ကြွက်ရုပ်ဟာ ကြွက်နဲ့သိပ်မတူဘဲ ရှိနေတာကို တွေ့ရပါတယ်။ ကြွက်ရုပ်က ကြွက်နဲ့မတူဘဲ ကြွက်မပီမသနဲ့ ရယ်စရာ ပုံပန်းသဏ္ဍာန်ဖြစ်နေတာ တွေ့ရသတဲ့ကွယ်။

"မင်းရဲ့ ကြွက်ပန်းပုလက်ရာက ကြွက်နဲ့လည်းမတူဘူး။ အရုပ်လည်းဆိုးတယ်။ ကြွက်ကလေးနဲ့မတူတော့ ကြောင်ကမင်းကြွက်ကို ခုတ်မှာမဟုတ်ဘူး"လို့ သူဌေးကြီးဦးစိတ်ကောင်းကပြောပြီးသူဌေးကြီးရဲ့တပည့်တွေကို တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းပြလိုက်ပြန်သတဲ့ကွယ်။

ရှာတောင်ပိုင်းက ပန်းပုဆရာမောင်ကြံဖန်လည်း သူဌေးကြီးဦးစိတ်ကောင်း ပြောလိုက်တဲ့ စကားကို မခံမရပ်နိုင် ဖြစ်သွားတာနဲ့ သူဌေးကြီးခင်ဗျာ၊ ကျွန်တော့် ကြွက်ကို ကြောင်ခုတ်မခုတ်သိရအောင် အခု ကြွက်ရုပ်နှစ်ရုပ်ကို အခန်းထဲမှာချထားပေးပြီး ကြောင်ကို လွှတ်ကြည့်ရင်သိရမှာပေါ့လို့သူဌေးကြီးကို ပြောလိုက်တယ်တဲ့။

သူဌေးကြီးဦးစိတ်ကောင်းကလည်း "ဒါဆိုရင် မင်းပြောတဲ့အတိုင်း စမ်းကြည့်မယ်" လို့ ဆိုပြီး တပည့်တွေကို အခန်းထဲမှာ ကြွက်ရုပ်နှစ်ရုပ်စလုံး ထည့်ထားပြီးကြောင်ကို အခန်းထဲ လွှတ်လိုက်သတဲ့ကွယ်။

အဲဒီမှာ အံ့ဩစရာကောင်းအောင် ကြောင်က ဘယ်လိုလုပ်လိုက်သလဲဆိုတော့ မောင်သပ်ရပ်ရဲ့ ကြွက်နဲ့ အလွန်တူတဲ့ကြွက်ရုပ်ကိုကြောင်က ဂရုမစိုက်ဘဲ နေပြီးမောင်ကြံဖန်ရဲ့ပုံမကျပန်းမကျထုလုပ်ထားတဲ့ကြွက်ရုပ်ကိုတော့ ကြောင်ကခုန်အုပ်လိုက်သတဲ့ကွယ်။ အဲဒီလို ကြောင်က ခုန်အုပ်ပြီးတော့ ကြွက်ရုပ်ကို လက်နှစ်ဖက်နဲ့ကိုင်ပြီး ကိုက်ဝါးနေလေတော့သတဲ့ကွယ်။

သူဌေးကြီးဦးစိတ်ကောင်းနဲ့ တပည့်တွေဟာ ကြွက်နဲ့တူတဲ့ပန်းပုဆရာမောင်သပ်ရဲ့ ကြွက်ရုပ်ကို ကြောင်က မခုတ်ဘဲ ကြွက်နဲ့လည်းမတူ၊ ပုံမကျပန်းမကျ ထုလုပ်ထားတဲ့ ပန်းပုဆရာမောင်ကြံဖန်ရဲ့ ကြွက်ရုပ်ကို ကြောင်က ခုတ်ပြီး စားနေတာကို တွေ့တော့ အားလုံးဟာ မင်တက်သလို ဖြစ်နေကြတာပေါ့။ ပန်းပုဆရာမောင်ကြံဖန်ကတော့ ပြုံးပြုံးကြီးလုပ်နေတော့တာပေါ့ကွယ်။ ပန်းပုဆရာမောင်သပ်ရပ်ကတော့ တကယ့်ကြွက်အစစ်နဲ့ တူအောင် ထုလုပ်ထားတဲ့ သူ့ရဲ့ကြွက်ရုပ်ကို ကြောင်က မခုတ်လေတော့ ငေးမှိုင်နေရတာပေါ့ကွယ်။ သူဌေးကြီးဦးစိတ်ကောင်းရဲ့ စည်းကမ်းချက်ထဲမှာ ကြောင်က ပြေးပြီး ခုတ်နိုင်အောင် လက်ရာမြောက်ရမယ်လို့ပါထားတာကိုကွယ်။

အဲဒီအချိန်မှာ အခန်းထဲကကြောင်ဟာ ပန်းပုဆရာမောင်ကြံဖန်ရဲ့ကြွက်ရုပ်ကို တစ်စစီကိုက်ဖဲ့လို့ ဝါးစားနေတာတွေ့တော့ သူဌေးကြီးဦးစိတ်ကောင်းဟာ ပြုံးလိုက်ပြီးခေါင်းတငြိမ့်ငြိမ့်နဲ့ နေလေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မင်းရဲ့ကြွက်ရုပ်ကို ဘာသားနဲ့ဘယ်လိုထုလုပ်ထားတာလဲ" လို့ သူဌေးကြီးက ပန်းပုဆရာမောင်ကြံ့ဖန်ကိုမေးလိုက်ပါတော့တယ်။ ပန်းပုဆရာမောင်ကြံ့ဖန်ကလည်း သူ့အနေနဲ့ အနိုင်ရတော့မှာသေချာဖြစ်နေတာကြောင့် မာန်ဝင်နေတဲ့အသံနဲ့ ဒီလို ဖြေလိုက်ပါသတဲ့ကွယ်။

"ကျွန်တော့်ရဲ့ကြွက်ရုပ်ကို ထုလုပ်ရတာ ဘာမှ မခက်ပါဘူး သူဌေးမင်းရယ်။ ကျွန်တော့်ရဲ့ကြွက်ရုပ်ဆိုပေမယ့် သစ်သားနဲ့ ထုလုပ်ထားတာမဟုတ်ပါဘူး...။ ငါးခြောက်ကို အဓိကထားပြီးတော့ အခြားပစ္စည်းတွေနဲ့ ရောနှောပြီး ထုလုပ်ထားတာဖြစ်ပါတယ်။ အပေါ်ယံကိုတော့ ဆေးခြယ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ငါးခြောက်နံ့ရနေတဲ့ကျွန်တော့်ရဲ့ကြွက်ကိုကြောင်က ပြေးပြီးခုတ်တော့တာပေါ့" လို့ ဖြေသံကိုကြားလိုက်တော့ သူဌေးကြီး ဦးစိတ်ကောင်းက "အေးကွာ၊ မင်းကငါပြောတဲ့အတိုင်းကြောင်ခုတ်တဲ့ကြွက်ရုပ်ကို ထုတ်နိုင်တာကြောင့် ဉာဏ်ကောင်းလှပါတယ်။ ငါ့အနေနဲ့ မင်းရဲ့ဉာဏ်ကောင်းမှုကို ချီးမွမ်းပါတယ်" လို့ ပြောလိုက်သတဲ့။

ပန်းပုဆရာမောင်ကြံ့ဖန်ကလည်း သူဌေးကြီးဦးစိတ်ကောင်းက သူ့ကို ချီးမွမ်းစကားပြောတော့ အလွန်ဘဲ ဝမ်းသာနေတာပေါ့ကွယ်။

"ဒါနဲ့ မင်းကကောကွယ်... မင်းရဲ့ ကြွက်ရုပ်ကလေးကို ဘယ်လိုအသားနဲ့ ဘယ်လိုထုလုပ်ထားတာလဲကွယ်" လို့ ပန်းပုဆရာမောင်သပ်ရပ်က ကြောင်မခုတ်လို့ စိတ်ပျက်နေပေမယ့် သူဌေးကြီး ရဲ့အမေးကို အားမာန်ပါပါနဲ့ ဖြေလိုက်ပါတယ်။

"သူဌေးကြီးခင်ဗျာ . . . ကျွန်တော့်ကြွက်ရုပ်ကို တကယ့်ကြွက်နဲ့ တူနိုင်သမျှတူအောင်ဆိုပြီး သစ်ကနက်သစ်သားကို ရှာဖွေပြီး ထုလုပ်ခဲ့ပါတယ်။ တကယ့် ကြွက်တစ်ကောင်ရဲ့ အရည်အသွေးရရှိပြီး တကယ့်ကြွက်လို တူညီစေဖို့ ကျွန်တော့်မှာရှိတဲ့အင်အားနဲ့ ညဏ်ပညာကိုပေါင်းစပ်ပြီး စိတ်ရှည်လက်ရှည် ထုလုပ်ထားခဲ့ခြင်းဖြစ်ပါတယ်လို့ သူဌေးကြီးကို ပြန်လည် ဖြေသတဲ့ကွယ်။

သူဌေးကြီးဦးစိတ်ကောင်းလည်းပန်းပုဆရာနှစ်ယောက်နဲ့ သူ့ရဲ့တပည့်တွေကို အားလုံးခေါ်ပြီး ဧည့်ခန်းမှာ ထိုင်စေသတဲ့ကွယ်။ ပြီးတော့ ရွှာတောင်ပိုင်းက ပန်းပုဆရာမောင်ကြံ့ဖန်ကို ဆုတော်ငွေ ချီးမြှင့်လိုက်သတဲ့ကွယ်။ ရွာမြောက်ပိုင်းက ပန်းပုဆရာမောင်သပ်ရပ်ကိုတော့ ဆုတော်ငွေမချီးမြှင့်ဘဲ ထားတာပေါ့ကွယ်။ ပြီးတော့မှ သူဌေးကြီးဦးစိတ်ကောင်းက အားလုံးကို စကားပြောလိုက်သတဲ့။

"ကဲ. . . မင်းတို့နှစ်ယောက်စလုံး ပန်းပုပညာမှာ တော်ကြပါတယ်။ မောင်ကြံ့ဖန် ဆုတော်ငွေ ရသွားတယ်ဆိုတာကစည်းကမ်းချက်မှာပါထားတဲ့ကြောင်က ခုတ်နိုင်ရမယ်ဆိုလို့ ဆုရသွားတာ ဖြစ်တယ်။ တကယ်တော့ အခု ဒီပွဲဟာ ဉာဏ်ရည်ချင်းပြိုင်တဲ့ပွဲမဟုတ်ပါဘူး။ တကယ့် လက်ရာကောင်းကောင်း ရစေချင်လို့ ပြိုင်တဲ့ပွဲ ဖြစ်ပါတယ်။ မောင်ကြံ့ဖန်ကတော့ ဉာဏ်ကောင်းလို့ အခု ဆုရသွားပေမယ့် ဦးရဲ့လယ်သမားမောင်နှံရုပ်ထုကို ထုလုပ်ခွင့် ရတော့မှာမဟုတ်ပါဘူး။ ဟောဒီ ပန်းပုဆရာမောင်သပ်ရပ်ကို ဦးထုလုပ်မယ့် လယ်သမားမောင်နှံ ပန်းပုရုပ်ကို ထုလုပ်ဖို့ အပ်နှံလိုက်ပါပြီ" လို့ ပြောလိုက်တဲ့အခါ ပန်းပုဆရာ မောင်သပ်ရပ်နဲ့သူဌေးကြီးရဲ့တပည့်တွေအားလုံး ဝမ်းသာဂုဏ်ယူကြသတဲ့ကွယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်...။

သီဟဇော်(မြစ်ဝကျွန်းပေါ်)



www.burmeseclassic.com

www.burmeseclassic.com




# ချိုချဉ်ပင်ခိုကာတဲ့ ယေရှမ်းလေ

ကျော်ဝင်းမောင်(

ပုံပြောဆရာ "ဟိုယီ"မှာ

သားလေးတစ်ယောက် "ယေရှမ်း"ပါ။

ဖခင်ပမာ ပုံဆင်ကာဖွဲ့

လေးနှစ်သားနဲ့ ပုံပြောသတဲ့။

သူပြောပြတဲ့ပုံပြင်ဟာ

"ချိုချဉ်ပင်" လို့အမည်ရတာ။

နားထောင်ကြပါ သည်လိုတဲ့

ယေရှမ်းပြောတဲ့ ပုံပြင်ကွယ့်။

တစ်ခါတုန်းက လူတစ်ယောက်ဟာ

ချိုချဉ်ပင်တွေ စိုက်ပျိုးရာ။

အောင်မြင်ကာ ပင်လုံးညွတ်၊

ကိုင်းကိုယ်စီမှာ ပြွတ်။

ဝင်းမွတ်လုပ ရောင်စုံဖြာ

ချိုချဉ်နီလည်း ပါတယ်ဗျာ။

ရသာချိုမွှေး ပဒေသာပင်ကြီး

ချိုချဉ်စီရရီ– သီး။



www.burmeseclassic.com

www.burmeseclassic.com

ချိုချဉ်သီးကို စားဖို့ရာ

"ခူမွှေးဆုပ်လေး"ရောက်လို့လာ။

ချိုချဉ်များစွာ အလှုံပယ်သား

ဟိုကူးသည်ကူး မြူပျော်စား။

စားလို့ကောင်းခိုက် ပိုင်ရှင်မြင်

ဝါးခြမ်းပြားနဲ့ ရိုက်ပုတ်နှင်။

မဆင်မခြင် "ခူ"ရမ်းကား

ဝါးခြမ်းစာမိ သူသေသွား။

ချိုချဉ်ပင်အား မြတ်နိုးစွာ၊

ပေါင်းသင်းရေလောင်း ပြုစုရာ။

လှိုင်ပေါ်ကြွယ်ကာ ချိုချဉ်သီး

ခူးမနိုင်လို့ ပိုင်ရှင်ညည်း။

သားမေကြီးရဲ့ ကူလှည့်ပါ

သူ့မှာတာအား တောင်းပန်ရှာ။

သားအမိနှစ်ဖြာ ဘယ်လိုခူးခူး

ချိုချဉ်သီးတွေ ကုန်နိုင်ဘူး။

ဦးဦး ဒေါ်ဒေါ် အစ်ကို အစ်မတကာ

ဝိုင်းကူလို့သာ ခူးပေးပါ။

ညီညီညာညာ အတူခူးတော့

ချိုချဉ်တွေလည်း ကုန်သွားပေါ့။

အိမ်စားဖို့နော့–ယူချင်ယူ၊

ပေးကမ်းကြည်ကြည်ဖြူ။

တူတူဝေမျှ ဝိုင်းကာစား

ချိုချဉ်ခူးတဲ့ တို့အများ

ပျော်ဖွယ်အတိပါလား။

ပုံပြင်လေးကား သည်မျှသာ

ယေရှမ်းလေးရဲ့ ပုံပြင်ပါ။

မှတ်တမ်းတင်ကာ သားရဲ့အတွေး

ဖခင် ဟိုယီ စာစီရေး။

ကလေးတို့လည်း ယေရှမ်းပမာ

ပုံပြောကြစမ်းပါ။

ပုံပြင်ကမ္ဘာ သားသမီးတို့


ကြိုဆိုနေမယ်ဗျို့။

ကျော်ဝင်းမောင်(ကျောက်မဲ)

(ဆရာနေဝင်းမြင့်၏ ဟန်ဆောင်သူနှင့် အခြားပုံပြင်များ မှ ယေရှမ်းပြောတဲ့ပုံပြင်ကို မှီငြမ်းပါသည်။)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


ထို့ကြောင့် အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်သည်။
သို့သော် အိမ်သို့ပြန်ရန်လမ်းကို မမှတ်မိတော့ချေ။
လုလင်ငယ်လေးမှာ ညအမှောင်ကျလာလေ ကြောက်ရွံ့လာလေ
ဖြစ်သည်။ သားကောင်များ၏ အသံများကလည်း
ဆူညံနေလေသည်။
ထိုစဉ် မှော်ဆရာကြီးတစ်ဦးသည် နောက်မှ
ဝံပုလွေတစ်အုပ် ခိုင်းလိုက်၍ ထွက်ပြေးလာ
သည်ကို တွေ့ရလေသည်။
လုလင်ငယ်လည်း လေးနှင့်မြားကို ယူ၍
ရှေ့ဆုံးမှ ဝံပုလွေသုံးကောင်ကို ပစ်လိုက်သည်။






www.burmeseclassic.com






www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com


ဘုရင်ကြီးအား သစ်ပင်တွင် ချည်ထားခဲ့ပြီး သည်နှင့် လူငယ်စေရတိုးလေသည်။ ဘုရင်ကြီးကို ချည်ထားခြင်း တားဆောသစ်ပင်သည် စကျကာလေသည်။ ဇာရင်းမှ အမြစ်မှ ကျွတ်ထွက်ကာ လူများနှင့် ဝေးရာဆီသို့ ပျောက်ကွယ်သွားသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။
လုလင်ငယ်လေးသည် မိဖုရားကို လက်ထပ်ကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြလေတော့သည်။

www.burmeseclassic.com

# စိတ်ဝမ်းမကွဲနဲ့

သန္တာမြွတ်သောင်း



ကလေးတို့ရေ...

ဒီတစ်လပြောပြချင်တဲ့ ပုံပြင်လေးရဲ့အမည်က "စိတ်ဝမ်းမကွဲနဲ့" ဆိုတဲ့ပုံပြင်လေးပါ။ ညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းမကွဲရဘူး။ ချစ်ချစ်ခင်ခင်သင့်သင့်မြတ်မြတ်နေကြရမယ်။ ဝါးအစည်းပြေရင် အချိုးရလွယ်သလို ညီအစ်ကိုမောင်နှမတွေ စိတ်ဝမ်းကွဲရင် သူစိမ်း ဝင်ရှုပ်တတ်တယ်။ တိုင်းရင်းသားတွေ စိတ်ဝမ်းကွဲရင် တိုင်းတစ်ပါးသားတွေ ဝင်နှောက်တတ်တယ်။ ကယားရိုးရာပုံပြင်လေးပေါ့။

ကဲ. . . ကယားရိုးရာပုံပြင်လေး နားထောင်စို့။

× × ×



www.burmeseclassic.com

www.burmeseclassic.com


ဟိုးရှေးရှေးတုန်းကပေါ့။

ပအိုဝ်ကလေးမောင်စိုင်းနဲ့ ယင်းဘော်ကလေး မောင်ထော်တို့ဟာ တစ်မိတည်းကပေါက်ဖွားလာတဲ့ ညီအစ်ကိုအရင်းတွေပေါ့။ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ သိပ်ချစ်ကြတယ်တဲ့။

မောင်စိုင်းနဲ့ မောင်ထော် ညီအစ်ကိုနှစ်ယောက် သိပ်ချစ်ကြသလို သူတို့ရဲ့မိန်းမတွေကလေးတွေကလည်း ရင်းနှီးချစ်ခင်ကြတာပေါ့ကွယ်။ မောင်စိုင်းမှာ စားစရာရှိရင် မောင်ထော်တို့မိသားစုကို ဝေငှပေးသလို မောင်ထော်မှာ စားစရာရရင်လည်း မောင်စိုင်းတို့မိသားစုကို လာပို့တာပေါ့။

တစ်နေ့မှာ မောင်စိုင်းက ပြောသတဲ့။

"မောင်ထော် မင်းတို့မိသားစုတစ်လှည့်၊ ငါတို့မိသားစုတစ်လှည့် တောထဲမှာ အမဲလိုက်ထွက်မယ်။ ရတဲ့သားကောင်ရဲ့အသားတွေကို ငါတို့အားလုံး ဝေမျှစားကြတာပေါ့"

အဲဒီတော့ မောင်ထော်ကလည်း သဘောတူတယ်။

"အဲဒီအကြံကောင်းတယ်"

လို့ ထောက်ခံတာပေါ့။

အဲဒါနဲ့ ပအိုဝ်လေးမောင်စိုင်းတို့မိသားစုဟာ တောထဲမှာ သားကောင်လိုက်ကြတာပေါ့ကွယ်။ လေး၊ မြားတွေ၊ ဒါးတွေ၊ လှံတွေနဲ့ ကြိုးစားပြီးလိုက်တာ ဆင်ကြီးတစ်ကောင် ဖမ်းမိတာပေါ့။ မောင်စိုင်းဟာ ဆင်ကြီးကိုသတ်ပြီး ဆင်သားတွေကို သူတို့မိသားစုစားရုံသာမက မောင်ထော်တို့မိသားစုကိုပါ ဝေပေးသတဲ့။

ဆင်ဆိုတာက အကောင်ကြီး အကြီးကြီးဆိုတော့ သူတို့နှစ်မိသားစုလုံး တစ်ဝတစ်ပြဲ စားကြရတာပေါ့။ ဒီတစ်ခါ ယင်းဘော်ကလေး မောင်ထော်တို့မိသားစု အမဲလိုက်ရမယ့်အလှည့်ပေါ့။ မောင်ထော်ဟာ သူ့ရဲ့သားသမီးတပည့်တွေခေါ်လို့ လေး၊ မြားတွေလွယ် တောထဲဝင်သတဲ့ကွယ်။

မောင်ထော်တို့မိသားစုဟာ ကြိုးစားပမ်းစား အမဲလိုက်ပေမဲ့ ဖြူလေးတစ်ကောင်ပဲ မိတာပေါ့။ ဖြူဆိုတာ အကောင်သေးသေးလေးပဲ။ အသားကလည်း နည်းနည်းလေးပဲရှိတာပေါ့။ မောင်ထော်ဟာ ဖြူကိုသတ်ပြီး သူတို့မိသားစုစားတဲ့အပြင် မောင်စိုင်းတို့မိသားစုကိုပါ ဝေပေးသတဲ့။

အသားနည်းနည်းလေးကိုကြည့်ပြီး-

မောင်စိုင်းကို သူ့မိန်းမက ပြောတာပေါ့။

"အစ်ကို အစ်ကိုအမဲလိုက်တုန်းက ဆင်ကြီးတစ်ကောင်ရတာ မောင်ထော်တို့မိသားစုအတွက် အလျှံပယ်ပေးခဲ့တယ်နော်"

"အေးလေ"

ဒီတော့ မောင်စိုင်းမိန်းမက-

"မောင်ထော်အမဲလိုက်တဲ့နေ့ကျတော့ ကျွန်မတို့မိသားစုအတွက် အသားလောက်ငအောင် မပေးပါလား။ ဒီအသားနည်းနည်းလေးနဲ့ ကျွန်မတို့မိသားစု ဘယ်လိုစားကြမလဲ"လို့ ပြောတာပေါ့။ မယားရဲ့အကျိုးအကြောင်းဆီလျော်တဲ့စကားကို ကြားတော့ မောင်စိုင်းကလည်း လက်ခံသတဲ့။

"အေး...မင်းပြောတာဟုတ်တယ်။ ငါ့အလှည့်


www.burmeseclassic.com

www.burmeseclassic.com


တုန်းက အသားတွေ တစ်ပုံတစ်ခေါင်းကြီးပေးခဲ့ပြီး ဒင်းအလှည့်ကျတော့ ယုတ်မာတာ ငါမခံဘူး"

အဲဒီလိုကြိမ်းဝါးတာပေါ့။ မောင်စိုင်းမိန်းမက ပြောတယ်။

"ဒင်းတို့ရတဲ့သားကောင်၊ ဘယ်လောက်ကြီးသလဲသိရအောင် သူတို့ရတဲ့သားကောင်ရဲ့အမွေးတွေ တောင်းကြည့်ပါလား"

အဲဒီလိုအကြံပေးတော့ မောင်စိုင်းကလည်း လက်ခံသတဲ့။ အဲဒါနဲ့ မောင်စိုင်းဟာ မောင်ထော်ဆီကို လိုက်သွားတာပေါ့။ မောင်စိုင်းက မျက်နှာထားကြီးနဲ့ ပြောတာပေါ့။

"ဟေ့ကောင် မောင်ထော်။ မင်းဖမ်းမိတဲ့အကောင်ရဲ့အမွေး ပြစမ်းပါဦး"

အဲဒီတော့ မောင်ထော်က သူဖမ်းမိခဲ့တဲ့ ဖြူရဲ့ဆူးတစ်ချောင်း ပေးလိုက်တာပေါ့။ မောင်စိုင်းဟာ ဖြူရဲ့ဆူးကိုယူပြီးအိမ်ပြန်လာသတဲ့။အိမ်ပြန်ရောက်တော့ သူ့လက်ထဲကဖြူဆူးကို မိန်းမကို ပြတာပေါ့ကွယ်"

"မိန်းမရေ ဒီမှာ သူတို့ဖမ်းမိတဲ့သားကောင်ရဲ့အမွေး"

ကြီးမားတဲ့ဖြူဆူးကြီးကို ကိုင်ကြည့်ပြီး မောင်စိုင်းရဲ့မိန်းမက ဒေါသတကြီး ပြောတာပေါ့။

"အစ်ကို စဉ်းစားကြည့်၊ အစ်ကိုဖမ်းမိတဲ့ ဆင်ကြီးအကြီးကြီးရဲ့ အမွေးတောင်မှ အပ်လောက်ပဲရှိတာ။ ဒီအမွေးကြီးက မာတောင့်ပြီး ချွန်မြနေတာပဲ။ အကောင်ကလည်း ဆယ်ဆလောက်ကြီးမယ်ထင်တယ်"

မောင်စိုင်းကလည်း လက်ခံတယ်။

"ဖြစ်နိုင်တယ်၊ အမဲလိုက်တာ အကောင်ကြီးကြီးရပါလျက်နဲ့ ယုတ်မာတဲ့ကောင်။ ဒီလိုကောင်မျိုးကို ညီအစ်ကိုတော်လို့ အလကားပဲ။ ဒီတော့ ဒီနေ့ကစပြီး ဆွေခန်းမျိုးခန်းဖြတ်မယ်"

တစ်သက်လုံး ချစ်ချစ်ခင်ခင်နေခဲ့တဲ့ မောင်စိုင်းတို့မိသားစုနဲ့ မောင်ထော်တို့မိသားစုဟာ စိတ်ဝမ်းကွဲပြီး မခေါ်မပြောဖြစ်သွားသတဲ့ကွယ်။ အဲဒီအချိန်ကစပြီး ယင်းဘော်လူမျိုးနှင့် ပအိုဝ်လူမျိုး ဆိုပြီး ကွဲပြားသွားတာပေါ့ကွယ်။

× × ×

ကလေးတို့လည်း မောင်နှမချင်း စိတ်ဝမ်းမကွဲရဘူး။ တိုင်းရင်းသားတွေ စိတ်ဝမ်းမကွဲရဘူး။ ပုံပြင်ကမ္ဘာက ပုံပြင်လေးတွေဖတ်ပြီး စည်းလုံးညီညွတ်တဲ့တိုင်းရင်းသားစိတ်ဓာတ်နဲ့ လိမ်လိမ်မာမာနေနိုင်ကြပါစေကွယ်။

နောက်တစ်လမှ ဆုံစို့။

သန္တာမြတ်သောင်း


www.burmeseclassic.com

www.burmeseclassic.com

# မေ့ကတိသူ

သရုပ်ဖော် ဂံဂေါဇီ




ပုံပြင်ကမ္ဘာ

www.burmeseclassic.com


အိပ်ရောက်သည့်အခါ ဇနီးဖြစ်သူ ဒေါ်သခိုး
ကြည်အား ထမင်း ခူးခိုင်းသည်။





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပညာရဲ့ တန်ဖိုး

နန္ဒာမိုးကြယ်

တစ်ခါကပေါ့ကွယ်။

ဒိသာပါမောက္ခဆရာကြီးထံမှာ အခကြေးငွေပေးနိုင်လို့ ဆရာကြီးရဲ့ အိမ်ဂေဟာအတွက် ဘဏ္ဍာရအလုပ်တွေကို အောက်ခြေသိမ်းလုပ်ကိုင်ပေးပြီး ပညာသင်ယူရတဲ့ ဆင်းရဲသားတပည့်သုံးယောက် ရှိပါသတဲ့။ သူတို့သုံးယောက်ရဲ့နာမည်တွေက မောင်ဗလ၊ မောင်ဉာဏနဲ့ မောင်တက္ကတို့ ဖြစ်ကြတယ်။




သူတို့သုံးယောက်ဟာ ဆရာတူတပည့်တွေဖြစ်တာရယ်၊ ဘဝအကျိုးပေးနဲ့ချာလို့ လုပ်အားကိုပေးဆပ်ပြီး ပညာသင်ယူကြရတာကြောင့် တစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုတစ်မျှ ချစ်ချစ်ခင်ခင် ရှိကြတယ်ဆိုပဲ။ သူတို့သုံးယောက်မှာ အသက်အကြီးဆုံးဖြစ်သူ မောင်ဗလပါ။ မောင်ဗလဟာ နာမည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောညီထွေလှစွာ သူတို့သုံးယောက်ထဲမှာ ခွန်အားဗလ အကြီးမားဆုံးသူဖြစ်ပါတယ်။ ဒါကြောင့်အလေးအပင်မှန်သမျှကိုသူကပဲဦးဆောင်ပြီး ထမ်းရွက်ရှာပါသတဲ့။

မောင်ဗလအောက် မောင်ဉာဏကျတော့ ဘာလုပ်လုပ်ဘာကိုင်ကိုင် ဉာဏ်ကို ထုတ်သုံးလေ့ရှိသူဖြစ်ပါတယ်။ သာဓကတစ်ခုကို ဆောင်ရရင် တစ်ခါက ဆရာကြီးရဲ့ခိုင်းစေမှုကြောင့် တောထဲဝင်ပြီး ကင်ပွန်းသီးတွေ ခူးရပါသတဲ့။ ကင်ပွန်းသီးဆိုတာ ဦးခေါင်းဆံပင်သန့်ရှင်းအောင်လျှော်တဲ့နေရာမှာ အသုံးဝင်တဲ့ပစ္စည်းပေါ့။ ဒါပေမဲ့ ကင်ပွန်းပင်ဆိုတာ တက်ဖို့ မလွယ်ဘူး။ ဘာကြောင့်ဆိုပင်စည်မှာ အကိုင်းအခက်တွေမှာ ဆူးတွေရှိနေတယ်မဟုတ်လား။ သည်တော့ တံချူနဲ့ပဲ ချူရတော့မှာပေါ့။ သည်အခါ မောင်ဉာဏက ဘာလုပ်သလဲဆိုတော့ ကင်ပွန်းပင်အောက်ကနေ မြက်ခြောက်တွေစုပုံပြီး မီးရှို့လိုက်တယ်။ သည်အခါ မီးခိုးတွေက အပေါ်လွင့်တက်ပြီး ကင်ပွန်းသီးတွေနဲ့ ထိတွေ့တော့ အံ့သြဖွယ်ကောင်းလောက်အောင် ကင်ပွန်းသီးတွေဟာ တဖြုတ်ဖြုတ်နဲ့ မြေပြင်ပေါ်ပြုတ်ကျလာခဲ့တယ်။

"တော်လိုက်တာ မောင်ဉာဏရယ်၊ မင်းဟာ မှော်ပညာလည်း တတ်တာပဲနော်"

"မဟုတ်ပါဘူး ကိုဗလရယ်၊ ဒါဟာ ဗေဒင်အလိုအရ ဓာတ်သဘောတွေဖြစ်ပြီး ကက်ကင်းရိုက်လိုက်တာပါ။ ကင်ပွန်းနဲ့မီးခိုးဆိုတာ ကက်ကင်းပဲလေ"

သူတို့သုံးယောက်ထဲမှာ အသက်ငယ်တဲ့မောင်တက္ကကျတော့ တစ်မျိုးတစ်ဘာသာ။ မောင်ဗလလို ခွန်အားမပြည့်၊ မောင်ဉာဏလိုလည်း ဉာဏ်မထက်မြက်ပေမဲ့ ဘယ်အလုပ် ဘယ်ကိစ္စမဆို သင့်၏ မသင့်၏၊ အစစအရာရာဆင်ခြင်ပြီး ကြံစည်နေတတ်တာနဲ့အမျှ တတ်ထားသင့်တဲ့ပညာမှန်သမျှကိုလည်း ရေဆုံးရေဖျားဆိုသလို လစ်ဟာကွက်မရှိရလေအောင် လေ့လာဆည်းပူးထားသူဖြစ်ပါတယ်။

သူတို့သုံးယောက်ဟာ ဆရာကြီးထံမှ လေးနှစ်လေးမိုးတိုင်အောင် ပညာတွေသင်ယူခဲ့တာမို့ ဆရာကြီးကလည်း သင်ရိုးကျွတ်အောင် သင်ပေးပြီးခဲ့ပါပြီ။ သူတို့တစ်တွေကို မိဘရပ်ထံပြန်ခိုင်းလို့လည်း ရနေပါပြီ။ ဒါပေမဲ့ ဆရာကြီးမှာက အကြံအစည်တစ်ခုရှိနေတယ်။ ဒါက သူ့ရဲ့အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးလေးကိစ္စပါပဲ။

သမီးကလေးနာမည်က "ပန်းဖြူဖွေး" တဲ့။ အသားအရည်က ဖြူဖွေးသန့်စင်ပြီး ပန်းကလေးလို လှနေတာကြောင့် အရွယ်ရောက်သူမှန်သမျှဟာ ပန်းဖြူဖွေးကလေးကို စိတ်ဝင်စားကြတယ်၊ လက်ဆက်လိုကြတယ်။ အဲသည်လို ဆန္ဒရှိကြတဲ့သူတွေထဲမှာ မောင်ဗလ၊ ဉာဏနဲ့ မောင်တက္ကတို့လည်း ပါဝင်နေတာကို ဆရာကြီးဟာ ရိပ်စားမိပါတယ်။ ဆရာကြီးအနေနဲ့လည်း တပည့်တွေအကြောင်း အတွင်းသိ, အစင်းသိရယ်မို့ သမီးကလေးကို သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ လက်ထပ်ထိမ်းမြားပေးလိုပါတယ်။ အဲသည်မှာ ဘယ်သူဟာ သင့်တော်မလဲ...။ တရားမျှတစွာ ဘယ်လိုရွေးချယ်ရမလဲလို့လို့ စဉ်းစားရာက အကြံတစ်ခု ရလာခဲ့ပါတယ်။ ဒါကြောင့် တပည့်ကျော်သုံးဦးကို ခေါ်လိုက်တယ်။

"အမောင်တို့... ဆရာကြီးကို ဘာမှ ရှ... အားမနာမနေပါနဲ့။ အမောင်တို့ဟာ ဆရာကြီး...



www.burmeseclassic.com

သမီးကို ချစ်ခင်နှစ်သက်ကြပါသလား"

သည်တော့ သုံးယောက်သားဟာ စိတ်ရင်း အမှန်အတိုင်းပဲ...။

"ဆရာကြီးခင်ဗျာ... ကျွန်တော်တို့သုံးယောက် လုံး ဆရာကြီးရဲ့သမီး ပန်းဖြူဖွေးကို ချစ်ခင်စုံမက်ကြပါတယ်ခင်ဗျား"

လို့ ရိုးသားစွာပဲ အဖြေပေးကြပါတယ်။

"ကောင်းပြီ အမောင်တို့။ အမောင်တို့ရဲ့နှုတ်က သည်စကားကြားရတော့ ဆရာကြီးအနေနဲ့ ဝမ်းမြောက်ဝမ်းသာရှိလှပါတယ်။ ဒါပေမဲ့ အမောင်တို့က သုံးယောက်ဆိုတော့ အဲသည်ထဲကနေ တစ်ယောက်ကိုပဲ ဆရာကြီး ရွေးရမှာပဲ။ သည်တော့... ဆရာကြီး မင်းတို့ကို အလုပ်တစ်ခု ခိုင်းပါ့မယ်။ ဆရာကြီးပိုင်ဆိုင်တဲ့မြေအစပ်မှာ လုံးပတ်တူ၊ အရွယ်ညီတဲ့ ကျွန်းပင်ကြီးသုံးပင် ပေါက်နေပါတယ်။ အဲသည်အပင်သုံးပင်ကို တစ်ယောက်တစ်ပင်စီ ပိုင်ဆိုင်တယ်လို့ သဘောထားလိုက်ပြီး အဲသည်ကျွန်းပင်ကို အခြေပြုပြီး စီးပွားရှာလာခဲ့ပါ။ အချိန်ကာလတစ်လပြည့်ရင် ပြန်လာခဲ့။ အဲသည်မှာမှ ငွေကြေးအများဆုံးစီးပွားရှာနိုင်တဲ့သူကိုသမီးနဲ့ စုံဖက်ထိမ်းမြားပေးပါ့မယ်။ သဘောတူကြပါရဲ့လားကွယ်တို့..."

"သဘောတူပါတယ် ဆရာကြီး"

"ကိုင်း- ဒါဖြင့် လိုအပ်တာတွေ ယူဆောင်ပြီး ခုပဲ သွားကြပေတော့။ တစ်လပြည့်ရင် ပြန်လာခဲ့"

ဒါနဲ့ပဲ သူတို့သူငယ်ချင်းသုံးယောက်လည်း လိုအပ်တဲ့ကိရိယာတန်ဆာပလာတွေကိုယူဆောင်ပြီး ထွက်သွားကြပါတော့တယ်။

× × ×

တစ်နေ့ပြီးတစ်နေ့ တစ်ရက်ပြီးတစ်ရက်နဲ့ အချိန်တွေ ကုန်လွန်လိုက်တာ တစ်လတင်းတင်းတောင် ပြည့်ခဲ့ပါပေါ့လားကွယ်။

အဲသည်တစ်လတင်းတင်းပြည့်တဲ့နေ့မှာပဲ မောင်ဖလ၊ မောင်ဉာဏနဲ့ မောင်တက္ကတို့ သုံးယောက်လည်း တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို အထုပ်တွေထမ်းလို့ ဆရာကြီးရှိရာ ပြန်ရောက်လာခဲ့ကြပါတယ်။

ပထမဦးစွာ မောင်ဖလဟာ ဆရာကြီးရှေ့က ဖျာပေါ်ကို ငွေထုပ်သွန်ချလိုက်တယ်။

"ဆရာကြီးခင်ဗျား.... ဟောသည်ငွေကြေးတွေဆိုတာကျွန်းပင်တစ်ပင်ကိုအခြေပြုလို့လာတဲ့ ငွေကြေးတွေပါခင်ဗျာ"

"ဟုတ်ပါပြီမောင်ဖလ၊ ဟုတ်ပါပြီ...။ အမောင့်အနေနဲ့ ဘယ်လိုဘယ်ပုံ ငွေကြေးရှာဖွေခဲ့တယ်ဆိုတာ ပြောပါဦး"

"ဟုတ်ကဲ့ပါဆရာကြီး... ကျွန်တော်ဟာ ကျွန်းပင်ကြီးကို ပင်ခြေရင်းကနေ ခုတ်လှဲပါတယ်။ ပြီးတော့ အနေအတော် အပိုင်းကလေးတွေဖြစ်အောင် လွှနဲ့ ဖြတ်ပါတယ်။ နောက်- ပေါက်ဆိန်နဲ့ ခွဲခြမ်းတွေ ဖြစ်အောင်ပေါက်ခြမ်းပြီး ဈေးထဲသွားလို့ ထင်းအဖြစ် ရောင်းချခဲ့ရာက ရရှိလာတဲ့ ငွေကြေးတွေပါခင်ဗျား..."

သည်စကားကြားရတော့ ဆရာကြီးလည်း ခေါင်းတညိတ်ညိတ်နဲ့ပေါ့။

"ဟုတ်ပါပြီကွယ်...ဟုတ်ပါပြီ။ ကိုင်း- မောင်ဉာဏ၊ လုပ်စမ်းပါဦးဟေ့"

သည်တော့ မောင်ဉာဏလည်း သူ့အိတ်ထဲက ငွေကြေးတွေ သွန်ချလိုက်တာ မောင်ဖလထက်


www.burmeseclassic.com

နှစ်ဆလောက်တောင် ပိုများနေပါသတဲ့။

"ဟ ငွေတွေက မနည်းပါပဲလား။ ကိုင်း... ဘယ်လိုမျိုးရှာဖွေရရှိလာတယ်ဆိုတာ ပြောပါဦး"

"ဟုတ်ကဲ့ပါဆရာကြီး... ကျွန်တော်ဟာ ကျွန်းပင်ကြီးကို အမြစ်ကလှဲပြီးတဲ့နောက် အလုပ်သမားအချို့ကို အခပေးခေါ်ယူလို့အရွယ်အမျိုးမျိုးအတိုင်းအတာပမာဏအမျိုးမျိုးထွက်အောင် လွှဆွဲပြီး ခွဲစိပ်ပစ်ပါတယ်။ ပြီးတော့ အိမ်တိုင်လိုသူကို အိမ်တိုင်၊ ထုပ်, ယောက်, ဒိုင်း, မြှားလိုသူကို ထုပ်, ယောက်, ဒိုင်း, မြှား။ အခြင်လိုသူကို အခြင်၊ အခင်းလိုသူကို အခင်း စသဖြင့် အမျိုးအစားသတ်မှတ်ခွဲဝေပြီး ရောင်းချခဲ့ပါတယ်ဆရာကြီး"

"အိမ်း...ကောင်းသကွယ်"

မောင်ဉာဏ ပြီးပြီဆိုတော့ မောင်တက္ကအလှည့်ကို ရောက်လာတယ်။ မောင်တက္ကသွန်ချလိုက်တဲ့ငွေပုံကြီးဆိုတာ မောင်ဉာဏထက် ငါးဆမက များပြားနေတော့ အားလုံးဟာ တအံ့-တသြနဲ့ပေါ့။

"အလိုလေး ငွေကြေးတွေက များလှည်ချည်လား။ ဒါလောက်များများရအောင် ဘယ်လိုများ ရှာကြံလာခဲ့ပါသလဲ..မောင်တက္က"

"ဒီလိုပါဆရာကြီး...၊ ကျွန်တော်ဟာ ကျွန်းပင်ကြီးကို လှဲပြီးတဲ့နောက်မှ သူ့လုံးပတ် သူ့အရွယ်နဲ့ လိုက်လျောညီထွေစွာ ကျွန်တော် လေ့လာတတ်မြောက်ထားတဲ့ပညာနဲ့ နဂါးရုပ်ပန်းပု ထုပါတယ်ခင်ဗျ။ နဂါးရုပ်ထုက ဖဲ့ချခံရတဲ့ သစ်တွေကိုလည်း အလဟဿမဖြစ်ရလေအောင် မင်းသားရုပ်၊ မင်းသမီးရုပ်၊ကျားရုပ်၊ ဇော်ဂျီရုပ် စသဖြင့် ထုဆစ်ပြီး ရောင်းချပါတယ်ခင်ဗျ။ အဲသည်မှာတင် ငွေတွေကို သဲ့ယူရလောက်အောင် ရပါတယ်။ နဂါးရုပ်ကြီးကိုတော့ တရုတ်ကုန်သည်တွေ တွေ့မြင်သွားပြီး သူတို့ရဲ့ ဧကရာဇ်မင်းကြီးကို ဆက်သဖို့ တန်ရာတန်ကြေးပေး ဝယ်ယူသွားတဲ့အတွက် ယခုလောက်ငွေကြေးတွေ မြောက်မြားစွာရရှိလာတာပါပဲဆရာကြီးခင်ဗျား"

"အိုး... တော်ပါသေးရဲ့ မောင်တက္ကရယ်... တော်ပါပေရဲ့။ ကိုင်း... မောင်ဗလနဲ့ မောင်ဉာဏတို့ လောကမှာ အတတ်ပညာဆိုတာ အရေးကြီးသလို အတတ်ပညာကိုလည်း တန်ဖိုးရှိအောင် အသုံးချတတ်ဖို့ဆိုတာ သိပ်ကို အရေးကြီးတယ်ဆိုတာ သိကြပြီမဟုတ်လား"

"သိပါပြီ...ဆရာကြီး"

"ဒါဖြင့်ရင် ဆရာကြီးရဲ့သမီးနဲ့ ဘယ်သူဟာ အသင့်မြတ်ဆုံးဖြစ်တယ်ဆိုတာကော သိကြပါပြီလား"

"သိပါပြီဆရာကြီး...။ ဆရာကြီးရဲ့သမီးချော ပန်းဖြူဖွေးဟာ ကျွန်တော်တို့ရဲ့ ညီတော်မောင် မောင်တက္ကနဲ့ အသင့်တော်ဆုံးဖြစ်ပါတယ် ခင်ဗျား"


အဲဒါနဲ့ပဲ နောက်ဆုံးမှာတော့ မောင်တက္ကဟာ သူမြတ်နိုးရတဲ့ ပန်းဖြူဖွေးနဲ့လက်ဆက်ရပါလေ ရောကွယ်"

လောကမှာ အသိပညာ၊ အတတ်ပညာဆိုတာဟာ အရေးကြီးသလို အသိပညာ၊ အတတ်ပညာနဲ့ လိုက်လျောညီထွေစွာ တန်ဖိုးသိသိ၊ တန်ဖိုးရှိရှိ အသုံးချတတ်ဖို့လိုတဲ့အကြောင်း သင်ခန်းစာရကြပါစေကွယ်...။

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com





# မိုးခေါ်တဲ့ဖား

လင်းသက်ခိုင်

ရှေးရှေးတုန်းက လူတွေမပေါ်မီ ကာလတစ်ခုမှာ ကမ္ဘာပေါ်မှာ မကြုံဖူး မိုးခေါင်တယ်တဲ့။ ဒီအခါမှာ အလွန်ပူပြင်းတဲ့ နေအပူရှိန်ဟာ ကမ္ဘာပေါ်ကျရောက်လို့ သဲတွေ၊ ကျောက်ဆောင်တွေမှာ နေရှိန်အပ်နေပြီး မြစ်ချောင်းအားလုံးရေခမ်းခြောက်ကုန်လေတယ်။ ရေကန်တွေမှာ တစ်နေ့တစ်ခြား ရေခမ်းခြောက်လာပြီး ငါးတွေ သေကျေကုန်တာပေါ့ကွယ်။

မြေကြီးတွေ ကွဲအက်ရာမှ ဖြစ်ပေါ်လာတဲ့ ဖုန်မှုန့်တွေကို ခြောက်သွေ့ပူပြင်းတဲ့လေက သယ်ဆောင်သွားလို့ တိရစ္ဆာန်တွေရဲ့ မျက်စိ၊ နားတွေကျိန်းစပ်ကုန်သတဲ့။ အပင်တွေလည်း ခြောက်သွေ့ပြီး သေကုန်ကြတာပေါ့ကွယ်။

အလွန်ကျယ်ပြန့်တဲ့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အပင်တစ်ပင်မှ မမြင်ရတော့ဘူးတဲ့ကွယ်။ တိရစ္ဆာန်တွေစားဖို့ မြက်လည်းမရှိ၊ ပိုးမွှားလည်းမရှိတော့ဘူးတဲ့။ အရာရာအားလုံးခြောက်သွေ့ပျက်စီးယိုယွင်းနေသတဲ့ကွယ်။ တိရစ္ဆာန်တွေ သေကုန်တာလည်း မနည်းတော့ဘူးတဲ့။ ကျန်နေတဲ့တိရစ္ဆာန်တွေလည်း တဖြည်းဖြည်း သူတို့သေရမှာကို သိနေသတဲ့ကွယ်။ ဒီအခါမှာ ဖားပြုပ်တစ်ကောင်ဟာ သူ့မိသားစုအတွက်ပါ ရတက်မအေးဖြစ်ကာ လက်ရှိအခြေအနေဆိုးကို ကောင်းကင်ဘုံကို တင်ပြဖို့ ဆုံးဖြတ်သတဲ့။

အရေးကိစ္စတွေကို ဖြေရှင်းဖို့ မြေခွေးရယ်၊ ဝက်ဝံရယ်၊ ကျားတစ်ကောင်ရယ်ကို ခေါ်သွားလေတယ်။ ဖားပြုပ်နဲ့အဖွဲ့ဟာ နတ်တွေနေတဲ့ကောင်းကင်ပေါ်ကိုကြယ်တစ်ပွင့်ကနေကြယ်တစ်ပွင့်ဆီ ခုန်ကူးရင်းကောင်းကင်ဘုံသို့ ရောက်သွားသတဲ့။

ဒီလိုနဲ့...အဖော်တိရစ္ဆာန်သုံးကောင်ကို အနည်းငယ် နောက်ချန်ထားပြီး ခေါင်းဆောင်ဖားပြုပ်က ကောင်းကင်ဘုံတံခါးဆီ လျှောက်သွားလေတယ်။

ကောင်းကင်ဘုံအဝမှာလည်း စည်ကြီးတစ်ခု ချိတ်ထားသတဲ့။ ဒါနဲ့ ဖားပြုတ်ဟာ စည်ကြီးကိုအားနှင့်တီးတာပေါ့ကွယ်။

တံခါးခေါက်သံကြားလို့ ကောင်းကင်ဘုံတံခါးကို စောင့်တဲ့အစောင့်က တံခါးဖွင့်ကြည့်သတဲ့။ သူ့ခြေထောက်နားမှာ သေးငယ်အရုပ်ဆိုးတဲ့ သတ္တဝါလေးတစ်ကောင်ကို တွေ့သတဲ့။ သတ္တဝါရဲ့မျက်လုံးဟာ ဝိုင်းပြီးစူထွက်ကာ အရေခွံတွေကလည်း ဖုထစ်နေသတဲ့ကွယ်။

အစောင့်ဟာ ဒေါသထွက်ပြီး တံခါးပိတ်ကာ သူတို့ကောင်းကင်ဘုံကို လာနှောင့်ယှက်တဲ့သတ္တဝါလေးအကြောင်း နတ်မင်းကြီးဆီ သတင်းပို့တော့





www.burmeseclassic.com

www.burmeseclassic.com


နတ်မင်းကြီးက ကျူးကျော်လာသူကို ရှင်းလင်းဖို့ ကြက်ဖတစ်အုပ်ကို စေလွှတ်လိုက်တယ်။ ကြက်ဖများလာတာကိုမြင်တာနှင့် ဖားပြုပ်ဟာ မြေခွေးကို အချက်ပြလိုက်တယ်။ မြေခွေးဟာ ချက်ချင်းပဲ ကြက်တွေကို ကိုက်စားလိုက်သတဲ့။

ဒါနဲ့ နတ်မင်းကြီးက မြေခွေးကိုရှင်းဖို့ အင်းခွေးတစ်အုပ်ကို အမိန့်ပေးပြီးလွှတ်လိုက်သတဲ့။ အင်းခွေးတွေကလည်း မြေခွေးကိုကိုက်ဖို့ တစ်အုပ်ကြီးထွက်လာကြတာပေါ့။ မြေခွေးကိုကယ်ဖို့ ဖားပြုပ်က ဝက်ဝံကို အချက်ပေးလိုက်တယ်။ အင်အားကြီးတဲ့ဝက်ဝံဟာ ပြေးလာတဲ့အင်းခွေးတွေကို တိုက်ခိုက်လိုက်တော့အင်းခွေးအချို့ စုတ်ပြတ်ကုန်တယ်။

အင်းခွေးတွေ ရှုံးနိမ့်သွားပြန်တော့ ကောင်းကင်ဘုံတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တာပေါ့။ ဝက်ဝံကို တိုက်ခိုက်ချေမှုန်းဖို့ ဘုရင့်အစောင့်တပ်ကို စေလွှတ်လေသတဲ့။ ဒီအခါ ဖားပြုပ်က ကျားကို အချက်ပြလိုက်လို့ ကျားက ခုန်ထွက်လိုက်တဲ့အခါ အစောင့်တွေအားလုံး အလန့်တကြားပြေးဝင်ကုန်တာပေါ့။

အဲဒီအခါမှာတော့မိုးနတ်မင်းကြီးလည်းဖားပြုပ်ကို အလျှော့ပေးရတော့တာပေါ့။ ဖားပြုပ်လည်း နတ်မင်းကြီးနန်းတော်ကို ဝင်ခွင့်ရသွားတယ်။ မိုးနတ်မင်းကြီးက ဖားပြုပ်ကို ဘာလို့ သူ့ကို တွေ့ချင်ရသလဲမေးတာပေါ့။ ဒီအခါ ဖားပြုပ်ဟာ ချက်ချင်းပဲ နတ်မင်းကြီးကိုကမ္ဘာပေါ်ရှိသတ္တဝါများကြုံတွေ့နေရသည့် ဒုက္ခအကြောင်းရှင်းပြတာပေါ့။

ဒီနေ့ ကမ္ဘာကြီးမှာ မိုးခေါင်လို့ သတ္တဝါများ သေကျေပျက်စီးဒုက္ခရောက်နေပါတယ်။ သတ္တဝါတို့ဟာ သားမြေးများအထိ ပျက်သုဉ်းတော့မယ့်အချိန်ရောက်နေပြီလို့ရှင်းပြလေတယ်။ ဒါကြောင့်မို့ ဒီလိုဒုက္ခဆိုးကနေ အမြန်ဆုံးကယ်တင်ဖို့ တောင်းဆိုပါတယ်လို့ ဖားပြုပ်ကပြောတယ်။ ဒီအခါမှာတော့ နတ်မင်းကြီးဟာ မငြင်းတော့ဘဲ မိုးနှင့်ပတ်သက်ပြီး တာဝန်ရှိသူ နဂါးအား မိုးရေလိုအပ်နေတဲ့ကမ္ဘာမြေပေါ်ကို မိုးများရွာချရန် အမိန့်ပေးလိုက်သတဲ့။

အဲဒီနောက်မှာတော့ မိုးတွေရွာချလာပြီး ရေငတ်မွတ်နေတဲ့ ကမ္ဘာမြေဟာ ဝမ်းသာအားရနှင့် ရေကို အားရပါးရသောက်သုံးသတဲ့။ မြစ်၊ ချောင်း၊ အင်းအိုင်၊ စမ်းချောင်း၊ ရေတံခွန် အစရှိတဲ့ နေရာအားလုံး ရေတွေပြည့်လာပြီး ကုန်းမြေတစ်ခုလုံးမှာလည်း အပင်တွေ၊ အညွန့်အညှောက်တွေ ထွက်လာတာပေါ့ကွယ်။

သစ်ပင်ပန်းမာန်နှင့် သစ်သီးဝလံတွေ ပေါကြွယ်ဝလာတဲ့အတွက် သတ္တဝါတွေ အသက် ရှင်သန်လာကြတာပေါ့။

အဲဒီအခါမှာ မိုးနတ်မင်းကြီးက ဖားပြုပ်ကို ပြောသတဲ့။

“ခုကစပြီး သင့်မိတ်ဆွေတွေကိုခေါ်ပြီး ဒီလောက်ရှည်လျားတဲ့ခရီးကို မလာပါနှင့် မိတ်ဆွေ၊ နောင်အခါ သင်တို့ကမ္ဘာမြေမှာ မိုးခေါင်လာတာနှင့် ကျွန်ုပ်ကို လှမ်းခေါ်လိုက်ပါ။ အဲဒီအခါ တစ်ယောက်ယောက်ကလာပြီး ကျွန်ုပ်ကို အသိပေးလိမ့်မယ်။ အဲဒီအခါ မိုးရွာချဖို့ ကျွန်ုပ် အမိန့်ပေးပါမယ်။

အဲဒီအခါကစလို့ ကမ္ဘာပေါ်မှာ မိုးရေလိုလာတာနှင့် ကမ္ဘာမြေပေါ်က နေရာအနှံ့မှာရှိတဲ့ ဖားပြုပ်အမျိုးအနွယ်ပေါင်းများစွာဟာ မိုးရွာလာစေဖို့ ညီညီညာညာနှင့် အော်ဟစ်တောင်းဆိုကြသတဲ့ကွယ်။

ဒါကြောင့်မို့ သတ္တိကောင်းသောဖားပြုပ်ကို လူတွေက ကျေးဇူးတင်လို့ “ကောင်းကင်ဘုံရဲ့ ဦးလေး”လို့ ခေါ်ဆိုကြသတဲ့ကွယ်။

လင်းသက်ခိုင်


www.burmeseclassic.com

www.burmeseclassic.com

# မျောက်အမြီးဘာကြောင့်တိုရသလဲ

ဖိုးခွဲ ‹အောင်မြင်လယ်›



သားတို့ သမီးတို့ရေ…

ဟိုးရှေးရှေးတုန်းကဆိုရင် မျောက်တွေရဲ့ အမြီးဟာ အခုလောက်ဘယ်ကမလဲ၊ သိပ်ကိုရှည်တာပဲတဲ့ကွယ်။ ဘယ်လောက်ထိများ ရှည်သလဲဆိုရင် ဓာတ်တိုင်အမြင့်လောက် ရှည်တယ်။ အိမ်ခေါင်မိုး အမြင့်လောက်ရှည်တယ်။ ဒီထက်တောင် ပိုချင်ပိုဦးမတဲ့ကွယ်။ ဒါဖြင့်ရင် ခုတော့ မျောက်တွေရဲ့အမြီးက ဘာဖြစ်လို့ တိုရတာလဲသိလား၊ ဒီလိုကွဲ့၊ ဒီလို…။

ဟိုးရှေးရှေးတုန်းက တောင်ပေါ်မှာ နေထိုင်ကျက်စားကြတဲ့တိရစ္ဆာန်တွေ ရှိကြတယ်။ တိရစ္ဆာန်တွေမှန်သမျှဟာ ကိုယ်စားဖို့အစာကို ကိုယ့်ဘာသာကိုယ် ရှာဖွေစားသောက်ကြရတယ်။ ဒါပေမဲ့ ဝက်ဝံကြီးကတော့ ပင်လယ်ကမ်းစပ်ကိုသွားပြီး ငါးတွေကိုပဲ ဖမ်းယူစားသောက်လေ့ ရှိသတဲ့။

အဲဒါကိုမြင်တော့မျောက်က. . .

"ဟယ် ကြည့်စမ်း၊ ဝက်ဝံကြီး ငါးတွေ စားနေလိုက်တာ မြိန်ရေယှက်ရေနဲ့ တော်တော် အရသာရှိမယ့်ပုံပဲ။ ငါလည်း ဝက်ဝံကြီးလိုပဲ ငါးတွေ စားချင်လိုက်တာ" လို့ တွေးပြီး သွားရည်ယိုနေတော့တာပေါ့။

မြစ်ဆိပ်ကိုသွားကြည့်ရင် ငါးလေးတွေဟာ အမြဲတမ်း ရေထဲမှာ ကူးခတ်ပြီး ပျော်ရွှင်နေတာကို တွေ့ရှုကြတယ်မဟုတ်လား၊ ဒါပေမဲ့ မျောက်ကိုတွေ့တာနဲ့ ငါးတွေဟာ ချက်ချင်းဆိုသလိုထွက်ပြေးကုန်ကြလို့မျောက်ခမျာ ဘယ်လိုမှ ငါးကိုဖမ်းလို့ မမိနိုင်ဘူးတဲ့ကွယ်။ ဒီတော့ မျောက်က. . .

"ဟုတ်ပြီ၊ ဝက်ဝံကြီးကိုမေးကြည့်ရင် ငါးတွေဘယ်လိုဖမ်းရတယ်ဆိုတာ ပြောပြမှာပဲ" လို့တွေးပြီး ဝက်ဝံကြီးနေတဲ့အိမ်ကို လိုက်သွားသတဲ့။ ဝက်ဝံကြီးနဲ့လဲတွေ့ရော. . .

"အို အဆွေဝက်ဝံကြီးခင်ဗျာ၊ သင်ဟာ ငါးတွေကို ဖမ်းတဲ့နေရာမှာ အလွန်တော်တာ ကျွန်တော်သိပါတယ်။ ငါးတွေကို ဘယ်လိုဖမ်းရတယ်ဆိုတာ တစ်ဆိတ်ကျေးဇူးပြုပြီး ပြောပြပါလားဗျာ" လို့မေတ္တာရပ်ခံတောင်းပန်လိုက်တော့. . .

"ဒါလေးများကွာ၊ ဘာခက်တာမှတ်လို့၊ လွယ်လွန်းလို့ လွယ်လွယ် လွယ်လွယ်နဲ့တောင် မြည်နေဦးမယ်၊ ဒီလိုလုပ်ကြည့်ပါလား၊ မှောင်တဲ့အခါ မြစ်ဆိပ်ကိုသွားကွာ၊ ပြီးတော့ မင်းရဲ့အမြီးကို ရေထဲမှာ စိမ်ထားလိုက်ရုံပဲ၊ ငါးတွေ တစ်ပုံတစ်ခေါင်းကြီး မင်းဆီကို ရောက်လာကြပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဩော် ဩော် ဒီလိုဆိုတော့လည်း အလွယ်သားပါလား၊ ဒါဆို ကျွန်တော် ချက်ချင်းပဲ လုပ်တော့မယ်နော်၊ ခုလို သင်ပြပေးတာ သိပ်ကို ကျေးဇူးတင်ပါတယ် ဝက်ဝံကြီးရယ်"

ဒီလိုနဲ့ မျောက်ဟာ ဝမ်းသာအားရနဲ့ ပြန်သွားပါတော့တယ်။ ပြီးတော့ သူခမျာ ညမိုးချုပ်အောင်မနည်းပဲ သည်းခံပြီး စောင့်ရရှာတယ်။

"အမယ်လေး မိုးကလည်းမြန်မြန်လေး ချုပ်လိုက်ပါတော့လား၊ မှောင် မမှောင်နိုင်ဘူးကွာ၊ ဒီနေ့တော့ ကံကောင်းထောက်မပြီး ငါးတွေအများကြီးရပါစေ၊ ဟင်းဟင်း အဝအပြဲကို စားပစ်လိုက်ဦးမယ်"

ဒီလိုနဲ့ပဲ နေလုံးဟာ အနောက်ဘက်ကမ်းကိုတဖြည်းဖြည်း ဝင်သွားပြီးအမှောင်ရိပ်သမ်း လာပါတော့တယ်။ မျောက်လည်းခွန်အားသတ္တိအပြည့်နဲ့ပေါ့။ စိတ်အားထက်သန်စွာ မြစ်ဆီကိုထွက်ခွာလာခဲ့ပါတယ်။ အေးမြသာယာလှတဲ့ ညချမ်းလေးတစ်ညပါပဲ။

မြစ်ရဲ့ကမ်းခြေကိုရောက်တာနဲ့ ရေလှိုင်းကလေးတွေ တဖျပ်ဖျပ်ပုတ်ခတ်နေတဲ့ ကျောက်ဆောင်ကလေးကို တွေ့လိုက်ရတယ်။

"ကောင်းပါ့ကွာ၊ ဟန်ကိုကျနေတာပဲ၊ ဒီအကြီးဆုံးကျောက်ဆောင်ကြီးပေါ်မှာ ထိုင်တာပဲကောင်းတယ်"

ဒါနဲ့ပဲ မျောက်ဟာ ကျောက်ဆောင်ကို ဖင်ခုထိုင်ပြီး သူ့ရဲ့ အမြီးကိုတော့ ရေထဲမှာပင် တွဲလောင်းချထားလိုက်ပါသတဲ့။

"အမလေး အေးလိုက်တာ အ လာ လာ"

သွေးကြောထဲမှ ကျဉ်စိမ့်နေအောင် အေးပေမယ့်လည်း ငါးတွေကို စားချင်ဇောနဲ့ မျောက်ဟာအားတင်းပြီး ဆက်ထိုင်နေသတဲ့ကွယ်။

လေတွေက တဖြည်းဖြည်း တိုက်ခတ်လာလေလေပိုပြီးအေးလာချမ်းလာလေပါပဲ၊ ဒါပေမဲ့မျောက်ကတော့ ဆက်လက်ပြီး အအေးဒဏ်ကိုကြိတ်မှိတ်ခံစားရင်းတောင့်ခံနေရှာပါတယ်။ အစားမက်တာကိုးကွယ့်။

"အိုး ငါးတွေ ငါ့အနားမှာ စုဝေးလာပြီထင်တယ်၊ စားစရာတော့ အဆင်သင့်ရပြီ၊ ပိုပြီး ကံကောင်းလာပြီကွနော်၊ ကံကောင်းလာပြီ"

ခုလို စောင့်ဆိုင်းနေတုန်းမှာပဲ သူ့အမြီးဟာ တစ်ဆစ်ဆစ်နဲ့ ပြင်းပြင်းထန်ထန် နာကျင်ကိုက်ခဲလာပါတော့တယ်။ ဘာမှန်းမသိဘဲ တစ်စုံတစ်ခုကြောင့် လေးလံနေသလို ခံစားရပါသတဲ့။

"အား... နာလိုက်တာ၊ နာလိုက်တာ၊ ငါးတွေ ငါ့အမြီးကိုဝိုင်းပြီး ဆွဲနေကြပြီထင်ပါရဲ့"

မျောက်ခမျာဆက်ပြီးသည်းမခံနိုင်တော့တာနဲ့သူ့အမြီးကို သူပြန်ပြီးဆွဲယူဖို့ ကြိုးစားလိုက်ပါတယ်။ အအေးဒဏ်ကို ဆိုးဆိုးဝါးဝါး သူခံစားနေရရှာပါတယ်။ မထင်မှတ်ဘဲ ချက်ချင်းလိုလိုပါပဲ၊ မြစ်ကမ်းစပ်က ရေတွေဟာအအေးဒဏ်ကြောင့်အေးခဲသွားပြီးမျောက်ရဲ့အမြီးဟာလည်း ရေခဲထဲမှာ နစ်နေပါတော့တယ်။

မျောက်ခမျာ တခွီးခွီးတဝေါင်းဝေါင်းနဲ့ အော်ရင်းဟစ်ရင်း အမြီးကို ဖွတ်ဆွဲတင်လိုက်ပါတယ်။ ဒါပေမဲ့ အမြီးဟာ ပါမလာတော့ဘဲ တင်းပါးနေရာသာသာလောက်ကပဲ ပြတ်ထွက်သွားပါတော့တယ်။

အဲဒီအချိန်ကစပြီး မျောက်ရဲ့အမြီးဟာ တိုသွားတာပဲလို့ ပြောစမှတ်ပြုကြပါတယ်။ မျောက်ရဲ့မျက်နှာ နီနေတာကလည်း အမြီးကိုယူတုန်းက အားစိုက်ရတဲ့အတွက် ခုလို နီမြန်းနေတာပါတဲ့ကွယ်။

ဒီပုံပြင်လေးက ဘာကိုပြသလဲဆိုရင်တော့လောဘကြီးသူဟာ သူများလှည့်စားတာကို ခံရတတ်တယ်၊ အလွယ်တကူ ယုံကြည်တတ်တယ်။ စဉ်းစားဆင်ခြင်ဉာဏ် ကင်းမဲ့ခြင်းဟာလည်း ဆုံးရှုံးခြင်းပဲဆိုတာ မှတ်ထားပေါ့ကွယ်။

ဒီတော့ ကလေးတို့လည်း လောဘမကြီးကြနဲ့၊ အစားအသောက် မမက်မောကြနဲ့၊ သူများပြောတိုင်း မယုံနဲ့၊ စဉ်းစားဆင်ခြင်ဉာဏ်ကို အသုံးချပြီးမှနေထိုင်ဆောင်ရွက်သင့်တာပေါ့ကွယ်။

ဖိုးစွံ(အောင်ပင်လယ်)


www.burmeseclassic.com

www.burmeseclassic.com

# မြည်း ပြဿနာ နှင့် သားတော် အစရာ


အရုပ်ဖော် ကာတွန်း
မောင်ရှုသူ ရန်ကုန် တက္ကသိုလ်






www.burmeseclassic.com

ဒါနဲ့ တစ်ညသို့ယံမှာ မင်းကြီးဟာ
သူ့ရဲ့အဝေဝေါက်တော်အမတ်အချို့ကို
ခေါ်ပြီး မြင်းစီးကာ နန်းတော်က
လျှို့ဝှက်စွာ ထွက်ခွာတယ် ။





အရှေ့မဇ္ဈဂုံးရွာနဲ့ ဝိဒေဟရာဇ်မြို့အကြား
နေရာတစ်နေရာမှာ ပတ်ကြားအက်ဝဲ
ခြေကျွံပြီး မြင်းခြေချိုးလို့ မင်းကြီးလည်း
နန်းတော်ကို ပြန်လှည့်ခဲ့ရတော့တယ်



ဒီလိုနဲ့ မနက်မိုးလင်းတော့ သေနကအမတ်ကြီး
မင်းကြီးဆီအခစားဝင်လာပြီး အရှေ့မဇ္ဈဂုံးရွာကို
ခရီးထွက်တော်မူပါသလားလို့ မေးတယ် ။





www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com


မဟောသဓာဟာ ဖွားဘက်ရဲ့တစ်ထောင် ခြံရံပြီး မင်းကြီးရှေ့တော်သို့ဝင်လာကာ သင့်တော်ရာမှာရပ် ရှိခိုးနေတယ်။
ချစ်သား မဟောသဓာ သင့်တော်ရာ နေရာမှာ ခစားပါ။
ဒီအခါ မဟောသဓာဟာ သူ့ဖခင်သူဌေးကြီးမျက်နှာကို လှမ်းကြည့်လိုက်တော့ ဖခင်ကသားဖြစ်သူမှာတဲ့အတိုင်း နေရာမှထပြီးလာထိုင်ဖို့ နေရာဖယ်ပေးတာပေါ့။
ဟီးဟီး
ဟားဟား
ဟိုးဟိုး
ဟဲဟဲ
မဟောသဓာ က ဖခင်သူဌေးကြီး ဖယ်ပေးတဲ့နေရာမှာ ရဲရဲရင့်ရင့် ဝင်ထိုင်လိုက်တော့ သူခမိန်အမတ် လေးယောက်ဟာလှောင်ပြောင် ရယ်မောကြပြီး ဘုရင်ကြီးမျက်နှာပင် ချက်ချင်းညှိုးပုပ်သိုးနွမ်းသွားတော့တယ်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ကြောက်ကန်ကန်ခြင်း

ပန်းတနော်ကျော့မိုး



ကလေးတို့ရေ-

ဟိုတစ်ခါက မြစ်ဝကျွန်းပေါ်ဒေသရွာတစ်ရွာရဲ့ အနောက်ဘက်မှာ မြေရိုင်းကွင်းပြင်ကြီးတစ်ခု ရှိခဲ့တယ်။ ကွင်းပြင်ကြီးထဲမှာ ကျွဲပေါင်းများစွာ ကျက်စားနေထိုင်ခဲ့ကြတယ်။ မိုးလအခါလွန်လို့ နွေလရာသီရောက်ရှိပြီး ကွင်းထဲမှာ ရေခန်းသွားသော်ငြားလည်း ကျွဲတွေဟာ ရေတွေရှိနေတဲ့ အိုင်ထဲချောင်းထဲတွေမှာဆင်းပြီး နေထိုင်နိုင်ကြတယ်။ စာကျက်ကွင်း ကျယ်ပြန့်ပြီး အစာပေါ်များတဲ့ အတွက် ကျွဲတွေဟာ အနေအထိုင်အစားအသောက် အဆင်ပြေပြီးသူတို့သဘာဝနဲ့သူတို့သာယာချမ်းမြေ့လျက် ရှိနေကြတယ်ပေါ့။

တစ်ခုတော့ရှိတယ်။ ကျွဲတွေက လူတွေနဲ့ နီးနီးစပ်စပ်မရှိကြလို့ ယဉ်ပါးမှုမရှိဘဲ အတော်လေး ရိုင်းနေကြတယ်။ ကွင်းထဲမှာ သွားလာကြမယ်

www.burmeseclassic.com

ဆိုလျှင် ကျွဲတွေက လူတွေကိုလိုက်ပြီး ရန်မူလေ့ရှိကြသလို သွားလာကြသူတွေဟာ သူတို့ကျွဲအုပ်စုနဲ့ ဝေးရာက ရှောင်ကွင်းသွားကြရတယ်။

အမှန်တော့ အဲဒီကျွဲတွေမှာ ပိုင်ရှင်တွေရှိကြတယ်။ ပိုင်ရှင်တွေက ကွင်းထဲမှာလွှတ်ပြီး မွေးထားတာဖြစ်တယ်။ သူတို့ကျွဲတွေကို အရေအတွက်နဲ့ မှတ်သားထားပြီး သူတို့အသုံးလိုအပ်မှသာ လိုချင်တဲ့ကျွဲကို ကျွဲဖမ်းကျွမ်းကျင်သူနဲ့ သွားရောက်ပြီး ဖမ်းခေါ်သွားကြတယ်။

ကလေးတို့ရေ… ကွင်းပြင်ထဲမှာ နေထိုင်ကြတဲ့ ကျွဲအုပ်စုထဲမှာတော့ ကျွဲခေါင်းဆောင်ဆိုတာ ရှိတယ်ကွဲ့။ သူက အတော်ဆိုးတယ်။ အဲ့ဒီကျွဲဆိုးကြီးကို ကျွဲတွေက ကြောက်ကြရတယ်။ ကျွဲဆိုးကြီးက အုပ်စုထဲမှာ အရွယ်ရောက်လာတဲ့ ကျွဲထီးတွေမှန်သမျှကို လိုက်ခတ်ထုတ်ပစ်တယ်။ ထွားကျိုင်းပြီးအရွယ်ရောက်လာကြတဲ့ ကျွဲပေါက်မှန်သမျှ ကျွဲဆိုးကြီးရဲ့ အနီးအနားမှာ မနေနိုင်ကြဘဲ သူနဲ့အလှမ်းဝေးတဲ့နေရာလောက်မှာပဲ သွားရောက်နေထိုင်ကြရတယ်။

တစ်နေ့ ကျွဲပေါက်တစ်ကောင်ဟာ ကျွဲဆိုးကြီးရှိရာ အုပ်စုနားကို မယောင်မလည်နဲ့ ရောက်လာပြီး အစာလာစားတယ်။ သူ့ကို ကျွဲခေါင်းဆောင်ကလိုက်ခတ်တဲ့အခါသူ့ကို ထိခိုက်မှာစိုးလို့ ပြန်လည် ထိုးနက်ကာကွယ်ရင်း ကြောက်ကြောက်နဲ့ ပြေးရရှာတယ်။ ကျွဲဆိုးကြီးမှာ ကျွဲပေါက်ရဲ့ ကာကွယ်ထိုးနက် ပြန်ခတ်ခဲ့တဲ့ ဒဏ်ရာရသွားလို့ ကျွဲပေါက်ကို မကျေမနပ်နဲ့ ဒေါသထွက်ပြီး ရှောင်ပြေးသွားတဲ့ ကျွဲပေါက်နောက်ကို အပြေးလိုက်တယ်။ ပေါ့ပါးလျှင်မြန်ဖျတ်လတ်လှတဲ့ ကျွဲပေါက်လည်း ကျွဲဆိုးကြီးလိုက်လာမှန်းသိလို့ ပြေးလွှားရင်း နီးစပ်ရာရိုးထဲကို ဆင်းဝပ်ပြီး ပုန်းအောင်းနေလိုက်တယ်။

မကြာပါဘူး။ အနံ့ခံရင်း နောက်က ပြေးလိုက်လာတဲ့ ကျွဲဆိုးကြီးက ရိုးထဲမှာဝပ်ပြီးနေတဲ့ကျွဲပေါက်ကို တွေ့သွားတော့ ရိုးထဲကို ဒေါသနဲ့ ခုန်ချလိုက်တယ်။ ရိုးထဲမှာဝပ်ပြီးနေတဲ့ကျွဲပေါက်က သူ့ကိုယ်ပေါ်ကျလာတဲ့ကျွဲဆိုးကြီးကို ရုတ်တရက် ကြောက်အားလန့်အားနဲ့ ကြောက်ကန်,ကန်ပြီး သူ့ဦးချိုနှစ်ဖက်နဲ့ ခတ်လိုက်မိတာ ကျွဲဆိုးကြီးရဲ့ ဝမ်းဗိုက်ကွဲပြဲသွားပြီး အူတွေပေါက်ထွက်ကာ မထနိုင်တော့ဘဲ သေဆုံးသွားပါတော့တယ်။

ကလေးတို့ရေ… ပုံပြင်လေးနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ တစ်ဦးနဲ့တစ်ဦး ကိုယ်ချင်းစာစိတ်၊ သနားကြင်နာစိတ်ထားတတ်ကြရမယ်။ ငါဟာ အင်အားကြီးမားတယ်ဆိုပြီး အင်အားငယ်သူအပေါ် ကြီးနိုင်ငယ်ညှဉ်းမပြုကြရဘူး။ သတ္တဝါတိုင်းဟာ မိမိထက် အင်အားကြီးမားတဲ့ရန်သူအပေါ် ကြောက်တတ်တဲ့စိတ်ရှိပါတယ်။ ဒါပေမဲ့–တကယ် မတရားအနိုင်ကျင့် ရန်မူလာမည်ဆိုလျှင်တော့ မိမိကိုယ်ကို မထိခိုက်အောင် ကြောက်အားလန့်အားနဲ့ ကြောက်ကန်ကန်ပြီး အတတ်နိုင်ဆုံးပြန်လည်တွန်းလှန် ကာကွယ်တတ်ကြတယ်ဆိုတာ မှတ်သားသတိပြုကြစေချင်ပါတယ်ကွယ်။

ပန်းတနော်ကျော့မိုး




www.burmeseclassic.com

www.burmeseclassic.com




တစ်ခါက တောကြီး တစ်တောထဲမှာ ကျား
မိသားစု တစ်စု ရှိတယ်တဲ့...





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကြောက်တတ်လို့လည်း သူ့အဖေကျားကြီးက အမြဲဆုံးမရတယ်...




ကျားလေးက သူ့ဖခင်က ဘယ်လိုပဲ ပြောပြော ကြောက်တတ်တဲ့ အကျင့် မပျောက်သွားဘူးတဲ့...

တစ်နေ့မှာတော့ ကျားလေး အပြင်ကိုထွက်လာရင်း မြွေကြီးတစ်ကောင်ကို တွေ့ပြီး...









www.burmeseclassic.com

မြွေကြီးကို ကြောက်ပြီး ကျားလေးဟာ ထွက်ပြေးတော့တာပေါ့...





www.burmeseclassic.com


www.burmeseclassic.com








ကျားလေးလည်း သူ့ဖခင်ကနှင်လိုက်လို့ ထွက်လာခဲ့ရတော့တာ ပေါ့...





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျားလေးဟာ ပုရွက်ဆိတ်လေးတွေကို အတုယူပြီး.. သတ္တိတွေရှိသွားလို့သူ့
အဖေကျားကြီးက သူ့ရဲ့အစင်းတွေကိုပြန်ပေးလိုက်တော့တာပေါ့ကွယ်..





www.burmeseclassic.com

www.burmeseclassic.com

ကာတွန်းသန်းအောင်

# ပုရစ်လေးတွေဘာကြောင့်အော်




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com


ဟိုးရှေးရှေးတုန်းကပေါ့ကွယ် ... တို့ပုရစ်တွေဟာ မနက်ကိုအသံ တစီစီလုပ်ပြီး ညကျတော့အိပ်လေ့ ရှိကြတယ် ...
ဒါပေမဲ့ တစ်နေ့ကျတော့ - တို့ အဘိုးရဲ့အဖေ (အဘေး) ဟာ တို့ရဲ့အသံတွေအရင်လောက် မရှူးရှတော့တာကိုသွားသတိထားမိ ပါလေရောတဲ့ကွယ် ...
ကြီးကြီးငယ်ငယ် - သေးသေး - တို့ အားလုံးရဲ့အသံက တိုးလျှန်းနေ တာနဲ့ အဘေးက လည်ချောင်းတွေကို လိုက်စစ်ကြည့်တယ် ...
အံ့သြစရာပဲ ... အံ့သြစရာပဲ ...

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com

CARTOONS
ပေါ်ကာ
သရုပ်ဖော်သည်

MADAME CURIE
# မဒမ်ကျူရီ




ပုံပြင်ကမ္ဘာ ကလေးရုပ်ပြစာစောင်

www.burmeseclassic.com






www.burmeseclassic.com


မဒမ်ကျူရီ၏ အခန်းသည် ပြတင်းပေါက် တစ်ပေါက်သာရှိပြီး မီးမရှိသောကြောင့် ထိုအပေါက်မှလာသော ကြယ်ရောင်လရောင် တို့ကိုသာ အားထားပြီးနေခဲ့ရသည်...
ဆောင်းရာသီတစ်ခုလုံး အနွေးဓာတ်ရစေရန် မီးသွေး အိတ် နှစ်အိတ် ကိုသာ ဝယ်သုံးနိုင်ခဲ့လေသည်။.....
အအေးဒဏ်
ကြောင့် လက်ချောင်းများ
တစ်ကိုယ်လုံး ခိုက်ခိုက်
တုန်နေလေသည်...
အိပ်ရာသို့ဝင်သောအခါ မဒမ်ကျူရီသည် ခေါင်းအုံးရှိ မျက်နှာသုတ်ပုဝါ နှင့် ဆောင်း အကျႌ အဝတ်အစား အားလုံးကို သူ့အိပ်ရာပေါ်တွင်ခင်းကာ နွေးထွေးမှုရအောင် ကြိုးစားရလေသည်။
တစ်ခါတစ်ရံ ကုလားထိုင်ကို အိပ်ရာပေါ် ဆွဲယူပြီး မိမိကိုယ်ကိုဖြစ်သက်သာအောင် တောက်ထားပြီး နေခဲ့ရ လေသည်...

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပါရစ်သို့ရောက်ပြီး သုံးနှစ်ခန့်အကြာတွင် သိပ္ပံပညာရှင်တစ်ယောက်နှင့် သူလက်ထပ်လိုက်သည်
သူ့နာမည်မှာ ပီယဲကျူးရီးဖြစ်ပြီး ပြင်သစ်တွင် သိပ္ပံပညာရှင် တစ်ဦးအဖြစ်အလွန်ထင်ရှားလေသည်






www.burmeseclassic.com

www.burmeseclassic.com



မဒမ်ကျူရီသည် ပိုမိုသေချာသော ဓါတုဗေဒဆိုင်ရာပစ္စည်းများကိုစမ်းသပ်ရှာဖွေသည့်
အမြောက်အများကိုလည်း စမ်းသပ်မှု ပြုလေသည်။







www.burmeseclassic.com

www.burmeseclassic.com




လများမကြာမီ မဒမ်ကျူရီနှင့် ခင်ပွန်းတို့သည် သိပ္ပံလောကအား တုန်လှုပ်စေသော စွမ်းဆောင်မှုတစ်ရပ်ကို ပြုလုပ်လိုက်ကြလေသည်။ သူတို့သည် ဓါတ်ရောင်ခြည်အကျိုးကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ယူရေနီယမ်မှထုတ်လွှတ်သော ရောင်ခြည်ထက် အဆပေါင်းနှစ်သန်းခန့် ပြင်းထန်ကြောင်း တွေ့ရှိလေသည်




ကျူရီကဲ့သို့ ကြေငြာလိုက်သောအခါ သိပ္ပံပညာရှင်များနှင့် ပေါင်းများစွာ ယက်မိသွားကြသည် သိပ္ပံဆိုင်ရာ အခြေခံသဘောတရားများသည် အားလုံးကမောက်ကမ ဖြစ်ကုန်ကြလေသည်။။

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

အမိုးများပေါက်ပြဲနေပြီး ကြမ်းခင်းများလည်း မရှိတော့ပေ။ မီးလင်းဖိုမရှိ၍ ဆောင်းကာလ၌ ဟင်းလင်းပြင်ထဲ ထွက်ပြီးနေရသကဲ့သို့ အအေးဒဏ်ကို ခံကြရလေသည်။





www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၀၂ ခုနှစ်တွင် မဒမ်ကျူရီနှင့် ခင်ပွန်းဖြစ်သူတို့သည် ချမ်းသာအောင် စီးပွားရှာရာ မည်သော
သို့မဟုတ် သိပ္ပံပညာရှင်ပီသစွာ ဂုဏ်ရှေ့ သော်လည်း ထုတ်များကို ကိုယ်ကျိုးမငဲ့ဘဲ သန္တာခြောင်းသိမှုဖြင့်
လုပ်ကိုင်ဆောင်ရွက် သွားကြမည်ဟု တိုင်ပင်ကြလေသည်။






www.burmeseclassic.com

www.burmeseclassic.com




ထိုသို့ ပူပင်မှုဒဏ်ရှိပါက မဒမ်ကျူရီတို့ မိသားစုအဖို့ ဘဝအာမခံချက်မပြည့်စုံ၍ အလုပ်ခွင်မှသည့်အပြင် အခြားသော စမ်းသပ်ရာဌာနများမှ ပြုလုပ်ရန် လုပ်ခွင့်ပြုသော ဓါတ်ခွဲခန်းကြီးတစ်ခု ကိုလည်း မကြာမီတည်ဆောက်နိုင်မည်ဖြစ်သည်။။






www.burmeseclassic.com






www.burmeseclassic.com